အထွေထွေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊မန္တလေးမြို့

တယ်လီပြောကြားနံ
ညွှန်ကြားရေးမှူးချုပ်(မန္တလေး) ၀၂ -၃၃၀၁၂ (ရုံး)
(နေပြည်တော်) ၀၆၇-၄၀၅၀၁၀ (ရုံး)
ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၂ -၃၃၀၁၆ (ရုံး)
ညွှန်ကြားရေးမှူး(စီမံ) ၀၂ -၃၃၀၁၅ (ရုံး)
ညွှန်ကြားရေးမှူး(စီမံကိန်း) ၀၂ -၃၃၀၁၇ (ရုံး)
ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ၀၂ -၃၃၀၁၉ (ရုံး)
လ/ထညွှန်ကြားရေးမှူး(စီမံ) ၀၂ -၃၃၀၁၄ (ရုံး)
Fax ၀၂ -၃၃၀၁၈
E-mail : dedzmof@mptmail.net.mm
Website: www.dryzone greening gov.mm


စာအမှတ်။ စီမံ/ဘဏ္ဍာ/ ၂၂၁ /အ /၂၀၁၇
ရက်စွဲ ။၂၀၁၇ ခုနှစ် ၊မတ် လ ၂၄ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စီမံခန့်ခွဲရေးဌာန/စီမံကိန်းဌာန/အင်ဂျင်နီယာဌာန
(စစ်ကိုင်း/မကွေး/မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်(၂/၂၀၁၆) ကြိမ်မြောက်အစည်းအဝေးတွင် နိုင်ငံတော် သမ္မတဦးထင်ကျော် မြွက်ကြားသည့် လမ်းညွှန်အဖွင့်အမှာ စကားတွင်ပါရှိသည့် အချက်များအား အလေးထား လိုက်နာဆောင်ရွက်ရန်ကိစ္စ

ရည် ညွှန်း ချက် ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၈-၃-၂၀၁၇ ရက်စွဲ ပါစာအမှတ်၊ (သစ်တော)၂(၂)/၁၈(၁၀၇၃/၂၀၁၇)

၁။ အထက်အကြောင်း အရာပါကိစ္စနှင့် ပတ်သက်၍ ရည်ညွှန်းစာအရ ၃၁-၁၀-၂၀၁၆ ရက်နေ့တွင်ကျင်းပ ပြုလုပ်သောဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြွက်ကြားသည့် လမ်းညွှန်အဖွင့်အမှာစကားတွင် ပါရှိသောအောက်ဖော်ပြပါ အချက်များကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အဖြစ် လိုက်နာဆောင်ရွက်ရန် အကြောင်းကြားပါသည်-

(က) နိုင်ငံတော်၏ ဘဏ္ဍာရေးငွေများကိုသုံးစွဲရာတွင် စီစီစစ်စစ်ဖြင့် ပြည်သူ့အကျိုးအတွက် စနစ်တကျရှိစေရန်၊

(ခ) အသုံးစရိတ်သုံးစွဲမှုများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှု မြင့်တင်ပြီးစောင့်ကြည့်မှုခံယူနိုင်ရန်၊

(ဂ) နိုင်ငံ့စီးပွားရေးကို အကျိုးပြုနိုင်သည့် စီမံကိန်း၊ဘတ်ဂျက်များဖြစ်ရန် အစိုးရဌာန ဆိုင်ရာများက တာဝန်ယူမှု၊တာဝန်ခံမှု၊တာဝန်သိမှုအပြည့်အဝရှိရန်၊

(ဃ) ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲကြရာတွင် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာသုံးစွဲကြရန်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
[ဖေချစ်၊ညွှန်ကြားရေးမှူး(စီမံ)]

D:\T.T.C\2016-2017 (Bud)\26-17Letter).2.docx

မိတ္တူကို-

(၁)ဒုတိယညွှန်ကြားရေးမှူး၊ချုပ်၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့
(၂) ရုံးလက်ခံ
(၃) မျှောစာတွဲ
(၄) အမှုတွဲဖိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့


တယ်လီဖုန်းနံပါတ်
ညွှန်ကြားရေးမှူးချုပ်(မန္တလေး) ၀၂ ၃၇၁၄၂
(နေပြည်တော်ရုံးခွဲ) ၀၆၇- ၄၀၅၁၈၄
ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၂- ၃၇၈၁၆
ညွှန်ကြားရေးမှူး(စီမံ) ၀၂- ၃၇၀၄၁
ညွှန်ကြားရေးမှူး(စီမံကိန်း) ၀၂- ၃၇၀၃၄
ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ၀၂- ၃၇၀၄၆
Fax ၀၂- ၃၇၀၄၀
E-mail : dzgdmonrec@gmail.com
Website: www.dryzonegreening.gov.mm


စာအမှတ်။ စီမံ/ ဘဏ္ဍာ/ ၄၅၂ / အ /၂၀၁၇

ရက်စွဲ ။ ၂၀၁၇ ခုနှစ်၊ မေ လ ၁၁ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း/မကွေး/မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ **၂၀၁၇ခုနှစ်ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအရ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးရုံး၏ ၃-၄-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ဝ၅(၁)/ဝ၆(က)(၁၁၆/၂၀၁၇)

၁။ အထက် အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ(၃၁)ရက်စွဲပါ စာအမှတ်၊၁၂/၄၇၀-ဘတ်ဂျက်/အဖရ(၂၀၁၇)၏အပိုဒ်(၁)တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက တာဝန်ယူရသည့် ရငွေများ စီမံစည်းကြပ်ကောက်ခံခြင်းနှင့် သုံးငွေများစီမံခန့်ခွဲခြင်းတို့ကို ရည်ညွှန်းစာ၏ပူးတွဲပါဇယားအတိုင်းလုပ်ပိုင်ခွင့် အပ်နှင်းထားပါကြောင်း၊ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊၂၀၁၇ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ရငွေနှင့်သုံးငွေတို့အတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊နည်းဥပဒေများ၊ စည်းမျဉ်းများ ၊စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ရန်နှင့် အသုံးစရိတ်များကို ရည်မှန်းသည်ထက်ပိုမိုသုံးစွဲခြင်းမပြုကြဘဲ အတတ်နိုင်ဆုံးခြိုးခြံကာ သုံးစွဲကြရန်အတွက် တာဝန်ရှိပုဂ္ဂိုလ်များက ကြပ်မတ်ရန် ဖြစ်ပါကြောင်း ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ၊တိုင်းဒေသကြီးများသိရှိလိုက်နာဆောင်ရွက်နိုင်ရန် ရည်ညွှန်းစာမိတ္တူပူးတွဲလျက် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ဖေချစ်၊ညွှန်ကြားရေးမှူး(စီမံ)]

D;TTO/2017-2018;(Latter)

မိတ္တူ/-

(၁) ညွှန်ကြားရေးမှူး၊ချုပ်ရုံး၊အပ္ပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့
(၂) ရုံးလက်ခံ
(၃) မျှောစာတွဲ
(၄) အမှုတွဲဖိုင်

၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအရ ရငွေသုံးငွေများနှင့်စပ်လျဥ်း၍

လုပ်ပိုင်ခွင့်အာဏာအပ်နှင်းသည့်ဇယား

| စဉ် | ငွေစာရင်းခေါင်းစဉ် | ငွေစာရင်းအမည် | အမျိုးအစား | | လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူများ | |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | | ၅ | |
| ၁ | ငွေစာရင်းအုပ်စု ခေါင်းစဉ်အမှတ်-၁၁ | နှစ်။ သာမန်အသုံးစရိတ် စာရင်း | ၁ | ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်ရုံးအဖွဲ့အောက်ရှိ အသုံးစရိတ်အားလုံး | ၁။ | အမြဲတမ်းအတွင်းဝန်/ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| | | | ၂ | သစ်တောဦးစီးဌာနအောက်ရှိ အသုံးစရိတ်အားလုံး | ၁။ | ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန |
| | | | | | ၂။ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန |
| | | | | | ၃။ | ညွှန်ကြားရေးမှူးများ၊ သစ်တောဦးစီးဌာန |
| | | | | | ၄။ | ပြည်နယ်/တိုင်းဦးစီးမှူးများ၊ သစ်တောဦးစီးဌာန |
| | | | | | ၅။ | ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံသစ်တောကျောင်း |
| | | | | | ၆။ | ပါမောက္ခချုပ်၊ သစ်တောတက္ကသိုလ် |
| | | | | | ၇။ | ကျောင်းအုပ်ကြီး၊ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန |
| | | | ၃ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအောက်ရှိ အသုံးစရိတ် အားလုံး | ၁။ | ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန |
| | | | | | ၂။ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန |
| | | | | | ၃။ | ညွှန်ကြားရေးမှူး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန |

ကြပ်မတ်ရန် ဖြစ်ပါကြောင်း ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ၊တိုင်းဒေသကြီးများသိရှိ လိုက်နာဆောင်ရွက်နိုင်ရန် ရည်ညွှန်းစာမိတ္တူပူးတွဲလျက် အကြောင်းကြားပါသည်။

| စဉ် | ငွေစာရင်းခေါင်းစဉ် | ငွေစာရင်းအမည် | အမျိုးအစား | | လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူများ | |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | | ၄ | | ၅ |
| | | | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအောက်ရှိအသုံးစရိတ်အားလုံး | ၁။ | ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| | | | | | ၂။ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| | | | | | ၃။ | ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| | | | ၅ | မြေတိုင်းဦးစီးဌာနအောက်ရှိအသုံးစရိတ်အားလုံး | ၁။ | ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန |
| | | | | | ၂။ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန |
| | | | | | ၃။ | ညွှန်ကြားရေးမှူး၊ မြေတိုင်းဦးစီးဌာန |

ကြပ်မတ်ရန် ဖြစ်ပါကြောင်း ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ၊တိုင်းဒေသကြီးများသိရှိ လိုက်နာဆောင်ရွက်နိုင်ရန် ရည်ညွှန်းစာမိတ္တူပူးတွဲလျက် အကြောင်းကြားပါသည်။

| | ခေါင်းစဉ် | ငွေစာရင်းအမည် | | အမျိုးအစား | | လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူများ |
|---|---|---|---|---|---|---|
| | ၂ | ၃ | | ၄ | | ၅ |
| ၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (မြန်မာ့သစ်လုပ်ငန်း) | သာမန်အသုံးစရိတ်စာရင်း (ကြွေးမြီအဖွဲ့အစည်းများတွင် ရင်းနှီးငွေအပါအဝင်) | ၁ | သာမန်အသုံးစရိတ် (ကုန်သွယ်မှု၊ ငွေသား) | ၁။ | ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း |
| | | | | | ၂။ | အထွေထွေမန်နေဂျာအသီးသီး၊မြန်မာ့သစ်လုပ်ငန်း |
| | | | | | ၃။ | ဒုတိယအထွေထွေမန်နေဂျာအသီးသီး၊ မြန်မာ့သစ်လုပ်ငန်း |
| | | | | | ၄။ | ပြည်နယ်/တိုင်းမန်နေဂျာအသီးသီး၊ မြန်မာ့သစ်လုပ်ငန်း |
| ၃ | ငွေစာရင်းအုပ်စု ခေါင်းစဉ်အမှတ်-၅၁ | ငွေလုံးငွေရင်းအသုံးစရိတ် (မြန်မာ့သစ်လုပ်ငန်းအပါအဝင်) | ၁ | လုပ်ငန်းစီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ | ၁။ | အမြဲတမ်းအတွင်းဝန်/ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| | | | | | ၂။ | ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန |
| | | | ၂ | လုပ်ငန်းအတွက်ရင်းနှီးမြှုပ်နှံမှုများ | ၃။ | ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း |
| | | | | | ၄။ | ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန |
| | | | ၃ | ရုံးသုံးစက်ကိရိယာ၊ ရုံးသုံးပရိဘောဂနှင့်ပစ္စည်းများအောက်ရှိအသုံးစရိတ်များအားလုံး | ၅။ | ညွှန်ကြားရေးမှူးချုပ်၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| | | | | | ၆။ | ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန |

[illegible] သုံးစွဲကြရန်အတွက် တာဝန်ရှိပုဂ္ဂိုလ်များက ကြပ်မတ်ရန် ဖြစ်ပါကြောင်း ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ၊တိုင်းဒေသကြီးများသို့ရှိ လိုက်နာဆောင်ရွက်နိုင်ရန် ရည်ညွှန်းစာမိတ္တူပူးတွဲလျက် အကြောင်းကြားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

စာအေပြာင်းခြင်းနှံ
ညွှန်ကြားရေးမှူးချုပ်(မန္တလေး) ၀၂ -၅၇၀၃၂ (ရုံး)
(နေပြည်တော်) ၀၆၇-၄၀၅၇၁၁၀ (ရုံး)
ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၂ -၅၇၀၃၆ (ရုံး)
ညွှန်ကြားရေးမှူး(စီမံ) ၀၂ -၅၇၀၃၅ (ရုံး)
ညွှန်ကြားရေးမှူး(စီမံကိန်း) ၀၂ -၅၇၀၃၇ (ရုံး)
ညွှန်ကြားရေးမှူး(ငွေစာရင်း) ၀၂ -၅၇၀၃၄ (ရုံး)
လ/ထညွှန်ကြားရေးမှူး(စီမံ) ၀၂ -၅၇၀၃၈ (ရုံး)
Fax ၀၂ -၅၇၀၃၈
E-mail : dgd.mdl@mptmail.net.mm
Website: www.dryzone greening.gov.mm

စာအမှတ် ။ စီမံ/ ဘဏ္ဍာ/ ၆၃၂ /အ /၂၀၁၇
ရက်စွဲ ။၂၀၁၇ ခုနှစ် ၊ ဇူလိုင် လ ၇ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်း/မကွေး/မန္တလေးတိုင်းဒေသကြီး

အကြောင်းအရာ။ **၂၀၁၇ခုနှစ်ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအားပေးပို့ခြင်း**
ရည် ညွှန်း ချက်။ ပြည်ထောင်စုဝန်ကြီးရုံး၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၂-၃-၂၀၁၇ ရက်စွဲပါစာအမှတ်၊ (သစ်တော)၅(၂)/ ၁၀(င) (၂၈၂/၂၀၁၇)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ၂၀၁၇ခုနှစ်ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အထူးကုန်စည်ခွန်နှုန်းသတ်မှတ်ခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်သတ်မှတ်ခြင်း၊ ဝင်ငွေခွန် သတ်မှတ်ခြင်း၊ Withholding Tax(ကြိုတင်ဝင်ငွေခွန်) ငွေထုတ်ပေးသူမှ ငွေထုတ်ပေးသည့် အချိန်တွင်နုတ်ယူပေးသွင်းခြင်းစသည့် အခွန်ဆိုင်ရာကိစ္စရပ်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ရည်ညွှန်းစာဖြင့်ပူးတွဲပါအတိုင်းပေးပို့လာပါသည်။

၂။ သို့ဖြစ်ပါ၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနရှိ တိုင်းဒေသကြီးများ အနေဖြင့် အခွန်အကောက်ဥပဒေပါပြဌာန်းချက်များကို လိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ဖေချစ်၊ညွှန်ကြားရေးမှူး(စီမံ)]

မိတ္တူကို-
(၁)ညွှန်ကြားရေးမှူးချုပ်ရုံး၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့
(၂)ကျွမ်းကျင်သူ၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့
(၃) ရုံးလက်ခံ
(၄) မျှောစာတွဲ
(၅) အမှုတွဲဖိုင်

TTC/2017-2018(Bud)2017-2018(Letter)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ်၊(သစ်တော)၅(၂)/၁၈(င)( ၂၈၅ /၂၀၁၇)

ရက်စွဲ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်။

စာအမှတ် ၄၀၄
ဖိုင်အမှတ် ၅၁/ ၅၇
ရက်စွဲ ၂၄-၃-၁၇

အကြောင်းအရာ။ ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအား ပေးပို့ခြင်း

ရည်ညွှန်းချက်။ ပြည်ထောင်စုဝန်ကြီး၏ "ဌာန၊ လုပ်ငန်းများသို့ ဥပဒေမူရင်းအား Copy ပေးပို့ပါ" ဟုမိန့်မှတ်ချက်အရ

၁။ ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ အထူးကုန်စည်ခွန်နှုန်း သတ်မှတ်ခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်နှုန်းသတ်မှတ်ခြင်း၊ ဝင်ငွေခွန်နှုန်းသတ်မှတ်ခြင်း၊ Withholding Tax (ကြိုတင်ဝင်ငွေခွန်) ငွေထုတ်ပေးသူမှ ငွေထုတ်ပေးသည့်အချိန်တွင် နှုတ်ယူပေးသွင်းခြင်းစသည့် အခွန်ဆိုင်ရာကိစ္စရပ်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို မိတ္တူပူးတွဲပေးပို့ပါသည်။

၂။ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်ဟု ဖော်ပြထားပါသည်။

၂၂/၃/၂၀၁၇

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(ဝင်းဇော်၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန
ပါမောက္ခချုပ်၊ သစ်တောတက္ကသိုလ်

မိတ္တူကို-

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ (ရုံးအမှတ်-၁၉)
ညွှန်ကြားရေးမှူး(ဌာနတွင်းစာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ)ပြည်ထောင်စုဝန်ကြီးရုံး၊
စာရင်းစစ်ဌာနစိတ်။
မျှောစာတွဲ၊ ရုံးလက်ခံ။

C:\Users\admin\Desktop\smp\Sample letter.doc

## အခန်း (၇)

## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။ ထိုသို့စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထက်ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေစုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ဂ) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထက်ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့်အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (၁) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (၂) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (၃) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (၄) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (၅) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (၆) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှ ရရှိသော စုစုပေါင်းငှားရမ်းခ ရငွေအပေါ် ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ် ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစား အလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(င) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်းသတ်မှတ်ထားသည့် အခွန်ထမ်းများ နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) နှင့် (၂) တို့အရ အခြေခံ သက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစား တစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ် သိန်း ၁၀၀ ထက် မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့တွင် အတူနေ မိဘအတွက် ခွင့်ပြုငွေကို ဖြည့်စွက်လျက် အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ပါ တစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန် စည်းကြပ်ရမည်-

(က) အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့ အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်း ဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ (က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်ပယ်မီ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်-

(၁) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ။

(၂) ပြည်ပနေ နိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါးအခြားဝင်ငွေ။

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်း။

(၄) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင် အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

# ပြည်တွင်းအခွန်များဦးစီးဌာန၏ အသိပေးကြေညာချက်

## "ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန် (Withholding Tax) အကြောင်းသိကောင်းစရာ" (၁/၂၀၁၇)

စာစောင်၏ရည်ရွယ်ချက်

၁။ စာစောင်၏ရည်ရွယ်ချက်မှာ ပေးချေငွေတစ်ရပ်အပေါ်တွင် ပင်ရင်းမှနုတ်ယူရမည့်သူ၊နုတ်ယူရမည့်ရာခိုင်နှုန်း၊ဆောင်ရွက်ရမည့်နည်းလမ်းများနှင့်သုံးလတစ်ကြိမ်ကြိုတင်ခွန်နှင့် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်တို့ကို ခွဲခြားသိရှိပြီး လွယ်ကူစွာလိုက်နာဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန် (Withholding Tax)

၂။ ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန် (Withholding Tax) ဆိုသည်မှာ ဝင်ငွေခွန် ဥပဒေအရ ပေးချေငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးချိန်တွင် ငွေပေးချေသူက ပင်ရင်းမှ နုတ်ယူ၍ သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းသည့် ဝင်ငွေခွန်ကိုဆိုလိုခြင်းဖြစ်ပါသည်။ Withholding Tax မှာလည်း ကြိုတင်ဝင်ငွေခွန်ပင် ဖြစ်ပါသည်။

ဝင်ငွေခွန်ကြိုတင်ခွန်နှင့် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် ကွဲပြားခြားနားချက်

၃။ လစာခေါင်းစဉ်မှ လစာမှဖြတ်တောက်ပေးသွင်းငွေများ၊ ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းလာသည့်အပေါ် ဆိပ်ကမ်း၊ လေဆိပ်၊ နယ်စပ်ဂိတ်စခန်း/ကျော်ဂိတ်များတွင် ပေးဆောင်ရသည့် အခွန်သည် ကြိုတင်ဝင်ငွေခွန်ဖြစ်ပါသည်။ မိမိတို့၏ စီးပွားရေးလုပ်ငန်းများအပေါ်တွင် သုံးလပတ်အလိုက် ရရှိငွေနှင့် သုံးငွေများကို တွက်ချက်ပြီး သုံးလတစ်ကြိမ် ပေးသွင်းရသည့် ဝင်ငွေခွန်မှာ ကြိုတင်ဝင်ငွေခွန်ပင်ဖြစ်ပါသည်။ ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန် (Withholding Tax) ဆိုသည်မှာ ငွေပေးချေချိန်တွင် ပေးချေသူမှ ပေးချေငွေအမျိုးအစားအပေါ် သတ်မှတ်ထားသည့်နှုန်းများအတိုင်း နုတ်ယူပေးသွင်းသည့် ကြိုတင်ဝင်ငွေခွန် ဖြစ်ပါသည်။

ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန် (Withholding Tax) အတွက် နုတ်ယူရမည့် ပေးချေငွေအမျိုးအစားနှင့် နုတ်ယူပေးသွင်းရမည့် ရာခိုင်နှုန်း

၄။ ပင်ရင်းမှနုတ်ယူပေးသွင်းငွေဆိုသည်မှာ လစာခေါင်းစဉ်မှအပ အောက်ဖော်ပြပါ ကိစ္စတစ်ရပ်

ရပ်အတွက် ပေးချေငွေများပေါ်ပေါက်သည့်အခါတွင် ငွေထုတ်ပေးသူကနုတ်ယူ၍ သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းရသောဝင်ငွေခွန်အမျိုးအစား ဖြစ်ပါသည်။ ပင်ရင်းမှနုတ်ယူပေးသွင်းရသည့် ပေးချေငွေအမျိုးအစားများနှင့် အခွန်အတွက် နုတ်ယူရမည့် နှုန်းထားများမှာ-

| အမှတ်စဉ် | ပေးချေငွေအမျိုးအစား | ထုတ်ပေးသည့်ငွေမှ အခွန်အတွက် နုတ်ယူရန် ရာခိုင်နှုန်း | |
|---|---|---|---|
| | | ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားများ အတွက် | ပြည်ပနေ နိုင်ငံခြားသား အတွက် |
| (က) | ချေးငွေသို့မဟုတ် ကြွေးမြီတစ်ရပ်ရပ် သို့မဟုတ် ယင်းသဘောသဘာဝသက်ရောက်သည့် ကိစ္စရပ် သို့မဟုတ် ငွေစုဆောင်းခြင်းအတွက် အတိုးပေးငွေ | နုတ်ယူပေးသွင်းရန် မလိုအပ်ပါ | ၁၅% |
| (ခ) | လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင် အခွင့်အရေး စသည်တို့ကို အသုံးချခွင့် ပြုသည့်အတွက် ပေးချေငွေများ | ၁၀% | ၁၅% |
| (ဂ) | တင်ဒါစနစ်၊ ကန်ထရိုက်စနစ်၊ ဈေးနှုန်းခေါ်ယူသည့်စနစ်၊ သဘောတူညီစနစ် သို့မဟုတ် အခြားစနစ်တစ်ခုခုဖြင့် နိုင်ငံတော်အတွင်း ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်စေခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားယူခြင်းတို့အတွက် ပေးငွေများ | ၂% | ၂.၅% |

ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန် (Withholding Tax) အတွက် နုတ်ယူခြင်းမပြုရမည့် ပေးချေငွေအမျိုးအစားများ

၅။ (က) ပေးချေငွေများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့အချင်းချင်း၊ အစိုးရအဖွဲ့အသီးသီးနှင့် နိုင်ငံပိုင်ဌာနများသို့ ပေးချေငွေများဖြစ်လျှင် ငွေထုတ်ပေးချိန်၌ ပင်ရင်းမှနုတ်ယူပေးသွင်းငွေ နုတ်ယူပေးသွင်းရန်မလိုအပ်ပါ။

(ခ) ချေးငွေသို့မဟုတ် ကြွေးမြီတစ်ရပ်ရပ် သို့မဟုတ် ယင်းသဘောသဘာဝ သက်ရောက်သည့် ကိစ္စရပ် သို့မဟုတ် ငွေစုဆောင်းခြင်းအတွက် အတိုးပေးငွေများနှင့်စပ်လျဉ်း၍ နိုင်ငံအတွင်း၌ ပြည်ပနေနိုင်ငံခြားသား၏ ရုံးခွဲအဖြစ် မှတ်ပုံတင်ဖွဲ့စည်းထားပြီး ယင်းရုံးခွဲမှ ပြည်တွင်းဝင်ငွေအတွက် ပြည်တွင်းတွင် အခွန်စည်းကြပ်မှု ခံယူနေလျှင် အဆိုပါ လုပ်ငန်းမှ ဝင်ငွေအပေါ်တွင် ပေးချေငွေများအတွက် ငွေထုတ်ပေးသည့် အချိန်၌ ပင်ရင်းမှ နုတ်ယူပေးသွင်းရန် မလိုအပ်ပါ။

(ဂ) အထက်အပိုဒ်၄ ဇယား အမှတ်စဉ်(ဂ)ပါ ပေးချေငွေအမျိုးအစားများအတွက် တစ်ဦးချင်း ပုဂ္ဂိုလ်များမှ ပေးချေခြင်းဖြစ်လျှင် ပင်ရင်းမှ နုတ်ယူပေးသွင်းရန်မလိုအပ်ပါ။

**ငွေပေးချေရာတွင် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်တာဝန်ရှိသူများ**

၆။ (က) အထက်အပိုဒ်၄ ဇယား အမှတ်စဉ်(က)နှင့်(ခ)ပါ ပေးချေငွေ အမျိုးအစားများအတွက်- ငွေပေးချေသူသည် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်စေ၊ ပုဂ္ဂိုလ်စုအဖွဲ့အစည်းဖြစ်စေ၊ ငွေပေးချေချိန်တွင်ပင်ရင်းမှနုတ်ယူပေးသွင်းရမည်ဖြစ်ပါသည်။

(ခ) အထက်အပိုဒ်၄ ဇယား အမှတ်စဉ်(ဂ)ပါ ပေးချေငွေ အမျိုးအစားများအတွက် ငွေပေးချေသူသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြစ်ပါက Withholding Tax ဖြတ်တောက်ပေးသွင်းရမည် ဖြစ်ပါသည်။ တစ်ဦးချင်းပုဂ္ဂိုလ်များမှ ပေးချေငွေဖြစ်လျှင် နုတ်ယူပေးသွင်းရန် မလိုပါ ။ သို့ရာတွင် နုတ်ယူခြင်းခံရသူများမှာ တစ်ဦးချင်းပုဂ္ဂိုလ်သာမက ပုဂ္ဂိုလ်စု အဖွဲ့အစည်းလည်း ဖြစ်နိုင်ပါသည်-

(၁) နိုင်ငံပိုင်အဖွဲ့အစည်းများ၊

(၂) နိုင်ငံပိုင်လုပ်ငန်းများ၊

(၃) စည်ပင်သာယာရေးအဖွဲ့အစည်းများ၊

(၄) သမဝါယမအသင်းများ၊

(၅) နိုင်ငံခြားကုမ္ပဏီများ၊

(၆) နိုင်ငံခြားသားပိုင်လုပ်ငန်းများနှင့် အဖွဲ့အစည်းများ၊

(၇) ပြည်တွင်းကုမ္ပဏီများ၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းမှတ်ပုံတင်ထားသော အစုစပ်လုပ်ငန်းများ၊

(င) အထက်အပိုဒ်(ခ)ပါ အဖွဲ့အစည်းများမှ လုပ်ငန်းတစ်ရပ်ရပ်အား တင်ဒါစနစ် သို့မဟုတ် ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် ပထမဦးစွာရရှိသူများအနေဖြင့် မိမိကိုယ်တိုင် မလုပ်နိုင်သည့် လုပ်ငန်းများကို တဆင့်ကန်ထရိုက်(Sub-contractors) များအား ငှားရမ်းလုပ်ကိုင်ပါက ယင်းတဆင့်ကန်ထရိုက်(Sub-contractos)များထံမှ Withholding Tax နုတ်ယူပြီး Sub-contractors အမည်ဖြင့် သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံး၏ ဘဏ်စာရင်းသို့ပေးသွင်းရပါမည်။ ယင်း Sub-contractors များမှလုပ်ငန်းအမြတ်ဝင်ငွေအပေါ်တွင် အခွန်စည်းကြပ်မှုခံယူသည့်အခါ ပေးသွင်းပြီးအခွန်အားခုနှိမ်ပေးမည်ဖြစ်ပါသည်။ (လုပ်ငန်းသဘောသဘာဝအရ လုပ်ငန်းတစ်ခုတည်းဖြစ်သော်လည်းဆောင်ရွက်လုပ်ကိုင်သူအဆင့်ဆင့်အနေဖြင့်မိမိတို့၏စီးပွားရေးလုပ်ငန်းအတွက် ဝင်ငွေခွန် ကျသင့်မည်ဖြစ်၍ လုပ်ငန်းလုပ်ဆောင်နေစဉ်အတွင်းပင် Withholding Tax နုတ်ယူ၍ ပေးဆောင်ရခြင်း ဖြစ်ပါသည်။)

နုတ်ယူပေးသွင်းရမည့် အခြေအနေ

၇။ အထက်အပိုဒ် ၄ ဇယား၏ အမှတ်စဉ် (ဂ) တွင် "တင်ဒါစနစ်၊ တန်းထိုးရိုက်စနစ်၊ ဈေးနှုန်းခေါ်ယူသည့်စနစ် သို့မဟုတ် အခြားစနစ်တစ်ခုခုဖြင့်" ဟု ဖော်ပြထားရာ အခြားစနစ်တစ်ခုခုဖြင့်ဟုဆိုရာတွင် လုပ်ငန်းတစ်ခုအား တင်ဒါခေါ်ယူခြင်း၊ ကန်ထရိုက်စနစ်ဖြင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခြင်းမဟုတ်သော်လည်း အခြားစနစ်တစ်ခုခုဖြင့် လုပ်ငန်းဆောင်ရွက်စေခြင်းကို ဆိုပါသည်။ (ဥပမာ-ပုတ်ပြတ်စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်စေခြင်း) အဆိုပါ အခြေအနေတွင်လည်း ပင်ရင်းမှနုတ်ယူပေးသွင်းငွေ နုတ်ယူပေးသွင်းရမည် ဖြစ်ပါသည်။

၈။ အထက်အပိုဒ် ၄ ဇယား၏ အမှတ်စဉ် (ဂ) တွင် "နိုင်ငံတော်အတွင်းပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်စေခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားယူခြင်းတို့အတွက် ပေးချေငွေများ" ဟု ဖော်ပြထားပါသဖြင့် ပြည်ပမှ ဝန်ဆောင်မှုရယူခြင်းအတွက် ပေးချေငွေနှင့်စပ်လျဉ်းပါက နုတ်ယူပေးသွင်းရန်လိုအပ်ခြင်း ရှိ/မရှိကို သိရှိရန် မိမိတို့ဆောင်ရွက်သည့်လုပ်ငန်းကိစ္စအသေးစိတ်ကိုဖော်ပြ၍ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြ အဆုံးအဖြတ်ခံယူသင့်ပါသည်။

နုတ်ယူပေးသွင်းရမည့် ပေးချေငွေပမာဏသတ်မှတ်ချက်

၉။ (က) မြန်မာကျပ်ငွေဖြင့် ပေးချေခြင်းဖြစ်ပါက ပေးချေငွေ ကျပ်ငါးသိန်းထက်ကျော်လျှင် နုတ်ယူပေးသွင်းရပါမည်။

(၁) ပေးချေငွေသည် တစ်ကြိမ်အတွက် ကျပ်ငါးသိန်းမကျော်သော်လည်း ဘဏ္ဍာနှစ်အတွင်းအကြိမ်ကြိမ် ပေးချေငွေသည် ကျပ်ငါးသိန်းထက် ကျော်လွန်ပါ က နုတ်ယူပေးသွင်းရပါမည်။

(၂) ပေးချေငွေသည် ကျပ်ငါးသိန်းထက်ကျော်လွန်ခြင်းမရှိပါက သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးသို့ သတင်းအချက်အဖြစ်ပေးပို့ရပါမည်။

(ခ) နိုင်ငံခြားငွေဖြင့်ပေးချေခြင်း သို့မဟုတ် ပြည်ပနေနိုင်ငံသားသို့ ပေးချေခြင်းဖြစ်ပါက ပေးချေငွေ ပမာဏမည်မျှပင်ဖြစ်စေ နုတ်ယူပေးသွင်းရပါမည်။

နုတ်ယူပေးသွင်းရမည့် ငွေကြေးအမျိုးအစားသတ်မှတ်ချက်

၁၀။ (က) ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားများသို့ ပေးချေခြင်းဖြစ်ပါက ကျပ်ငွေဖြင့်နုတ်ယူ၍သက်ဆိုင်ရာအခွန်ရုံးသို့ပေးသွင်းရပါမည်။

(ခ) ပြည်ပနေနိုင်ငံခြားသားများသို့ ပေးချေခြင်းဖြစ်ပါက ပေးချေသည့် ငွေအမျိုးအစားဖြင့် နုတ်ယူ၍ သက်ဆိုင်ရာအခွန်ရုံးသို့ ပေးသွင်းရပါမည်။

ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဖင်ငွေခွန် (Withholding Tax) အတွက် နုတ်ယူပေးသွင်းရာတွင် လုပ်ဆောင်ရမည့်နည်းလမ်းများ

၁၁။ (က) ငွေထုတ်ပေးရန်တာဝန်ရှိသူသည် အစိုးရအဖွဲ့အစည်းမှ စီမံခန့်ခွဲသူဖြစ်ပါက Withholding Tax နုတ်ယူသည့်နေ့တွင်လည်းကောင်း၊ အခြားသူများအနေဖြင့် နုတ်ယူထားသည့်နေ့မှ ခုနစ်ရက်အတွင်းတွင်လည်းကောင်း သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံး၏ဘဏ်စာရင်းသို့ ပေးသွင်းရမည်ဖြစ်ပါသည်။

(ခ) ထိုသို့နုတ်ယူပေးသွင်းရာတွင် ငွေသွင်းချလန်ပေါ်တွင် ဖော်ပြရာ၌ နုတ်ယူခြင်းခံရသူ (ငွေပေးချေသူမဟုတ်) ၏ အမည်/ ကုမ္ပဏီအမည်/ လုပ်ငန်းအမည်ကိုရေးသား၍ ပေးသွင်းရမည်။

(ဂ) နုတ်ယူပေးသွင်းသူသည် ပင်ရင်းမှ နုတ်ယူပေးသွင်းငွေအထောက်အထားလက်မှတ် ပတခ(ဝင)- ၁၇ ကို အသုံးပြု၍ နုတ်ယူထားသည့်ငွေနှင့်စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များဖြစ်သည့် နုတ်ယူထားခြင်းခံရသူ၏ အမည်၊ ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီအမည်၊ လိပ်စာ၊ မည်သည့်ကိစ္စရပ်အတွက် နုတ်ယူထားခြင်းဖြစ်သည်၊ မည်သည့်ဌာန/ မည်သည့်အဖွဲ့အစည်းက နုတ်ယူထားခြင်းဖြစ်သည်တို့ကို ပြည့်စုံစွာ ဖြည့်စွက်၍ နုတ်ယူခံရသူအား (၁) စောင်၊ သက်ဆိုင်ရာအခွန်ရုံးအား (၁) စောင်၊ မိတ္တူ (၁) စောင်ပြုစု၍ နုတ်ယူသည့်နေ့မှ ခုနစ်ရက်အတွင်း တွင် သက်ဆိုင်ရာရုံးသို့ သတင်းစာရင်း ပေးပို့ရပါမည်။ [ ပတခ(ဝင)-၁၇ကို သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း၊ www.irdmyanmar.gov.mm တွင်လည်းကောင်း ရယူနိုင်ပါသည် ]

(ဃ) ပေးချေငွေသည် ကျပ်ငါးသိန်းထက်ကျော်လွန်ခြင်းမရှိပါက သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးသို့ သတင်းစာရင်းအဖြစ် ပေးပို့ရပါမည်။

ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် (Withholding Tax) အတွက် အပြီးသတ်စည်းကြပ်ခြင်း (သို့မဟုတ်) ခုနှိမ်ခွင့်ပြုခြင်း (သို့မဟုတ်) နုတ်ယူပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း

၁၂။ ပြည်ပနေနိုင်ငံခြားသား သို့မဟုတ် ပြည်ပကုမ္ပဏီ၏ ရုံးခွဲသည် မြန်မာနိုင်ငံနှင့် အခွန်နှစ်ထပ်ရှောင်ရှားရေးသဘောတူစာချုပ် Avoidance of Double Taxation Agreement နှင့် ငွေကြေးထိမ်ချန်မှုကာကွယ်ရေးသဘောတူစာချုပ် Prevention of Fiscal Evasion (Tax Treaty) ချုပ်ဆိုထားသောနိုင်ငံတစ်ခုခု၏ နိုင်ငံသားမဟုတ်လျှင်-

(က) ပြည်ပနေနိုင်ငံခြားသားထံပေးချေငွေမှ နုတ်ယူပေးသွင်းသည့် အခွန်ငွေကို ပြည်ပနေနိုင်ငံခြားသားအတွက် အပြီးသတ်စည်းကြပ်မှုအရပေးသွင်းသည်ဟု မှတ်ယူပါမည်။

(ခ) ပြည်ပနေနိုင်ငံခြားသား၏ ရုံးခွဲအဖြစ်ပြည်တွင်း၌ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအပေါ် ဝင်ငွေခွန်ဥပဒေနှင့်အညီ ပြည်တွင်းတွင် စည်းကြပ်ခြင်းကိုခံယူပါက နုတ်ယူပေးသွင်းခဲ့သည့်အခွန်ကို စည်းကြပ်မှုအရ ကျသင့်အခွန်မှ ခုနှိမ်ပေးပါမည်။

၁၃။ ပြည်ပနေနိုင်ငံခြားသား သို့မဟုတ် ပြည်ပကုမ္ပဏီ၏ ရုံးခွဲသည် မြန်မာနိုင်ငံနှင့် အခွန်နှစ်ထပ်ရှောင်ရှားရေးသဘောတူစာချုပ် Avoidance of Double Taxation Agreement နှင့် ငွေကြေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့


ဖုန်းနံပါတ်

ညွှန်ကြားရေးမှူးချုပ်(မန္တလေး)၀၂ -၅၇၀၃၂ (ရုံး)

(နေပြည်တော်) ၀၆၇-၄၀၅၁၁၃၀ (ရုံး)

ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၂ -၅၇၀၃၆ (ရုံး)

ညွှန်ကြားရေးမှူး(စီမံ) ၀၂ -၅၇၀၃၅ (ရုံး)

ညွှန်ကြားရေးမှူး(စီမံကိန်း) ၀၂ -၅၇၀၃၃ (ရုံး)

ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ၀၂ -၅၇၀၃၉ (ရုံး)

လ/ထညွှန်ကြားရေးမှူး(စီမံ) ၀၂ -၅၇၀၃၈ (ရုံး)

Fax ၀၂ -၅၇၀၃၈

E-mail : dgdzmof@mptmail.net.mm

Website: www.dryzone greening.gov.mm


စာအမှတ်၊ စီမံ/ဘဏ္ဍာ/ ၁၀၉၁/က(က)၁ /၂၀၁၅

ရက် စွဲ ၊၂၀၁၅ ခုနှစ် ၊ ဒီဇင်ဘာလ ၃၀ ရက်

ညွှန်ကြားရေးမှူး

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

(စီမံခန့်ခွဲရေး/စီမံကိန်း/အင်ဂျင်နီယာ)ဌာန

(စစ်ကိုင်း/မကွေး/မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ ခရီးသွား နေ့တွက်စရိတ်နှုန်းအား ကျပ် ၁၇၀၀/- မှ ကျပ် ၃၀၀၀/- သို့ ပြင်ဆင်သတ်မှတ်ခြင်း

ရည်ညွှန်းချက် ။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၂-၁၂-၂၀၁၅ ရက်စွဲစာအမှတ်၊ ၅(၁)/၀၆(ဆ)(၇၃၃-၁/၂၀၁၅)

၁။ အထက် အကြောင်းအရာပါ ကိစ္စနှင့် ပတ်သက်၍ တာဝန်ဖြင့် ခရီးသွားသည့် ဝန်ထမ်းများအတွက် ခရီးသွားနေ့တွက်စရိတ်နှုန်းအား ၂၀၁၆ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစ၍ ကျပ် ၁၇၀၀/- မှ ကျပ် ၃၀၀၀/- သို့ ပြင်ဆင်သတ်မှတ်ခံစားခွင့်ပြုကြောင်း ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၁)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၀၈၆/၂၀၁၅ အား ရည်ညွှန်းစာဖြင့် မိတ္တူပေးပို့ အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ တာဝန်ဖြင့် ခရီးသွားသည့် ဝန်ထမ်းများအတွက် ခရီးသွား နေ့တွက်စရိတ်နှုန်းအား ၂၀၁၆ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစ၍ ကျပ် ၁၇၀၀/- မှ ကျပ် ၃၀၀၀/- သို့ ပြင်ဆင်သတ်မှတ်ခံစားခွင့်ပြုကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၁)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၀၈၆/၂၀၁၅ မိတ္တူ ပူးတွဲလျက် ပေးပို့ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(အောင်ကျော်ထွန်း၊ ညွှန်ကြားရေးမှူး(စီမံ))

(၁) ဒုတိယညွှန်ကြားရေးမှူးချုပ်၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့။

(၂) ရုံးလက်ခံ

(၃) မျှောစာတွဲ (၄) အမှုတွဲဖိုင်

D:\CSSA\Budget(2014-2015)\2015-2016 Bud\Letter (15-16)2.docx

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေး ဝန်ကြီးဌာန

ဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာ**

စာအမှတ်၊ ၃၀၈၆ / ၂၀၁၅

နေပြည်တော်၊ ၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၁၀ ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ လ ၂၁ ရက် )

၁။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ လ ၁၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ( ၂၅ / ၂၀၁၅)၏ သဘောတူခွင့်ပြုချက်အရ တာဝန်ဖြင့် ခရီးသွားသည့် ဝန်ထမ်းများအတွက် ခရီးသွားနေ့တွက်စရိတ်နှုန်းအား ကျပ် ၁၇၀၀/- မှ ကျပ် ၃၀၀၀ /- သို့ ပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ ခရီးသွားနေ့တွက်စရိတ်နှုန်းအား ခရီးသွားလာခွင့်အမိန့် (Movement Order) ဖြင့် တာဝန်နှင့် ခရီးသွားသည့် ဝန်ထမ်းများကိုသာ ခွင့်ပြုရန်ဖြစ်၍ ကိုယ်ရေးကိုယ်တာကိစ္စဖြင့် ခရီးသွားရောက်ခြင်းကို တာဝန်အဖြစ် သတ်မှတ်ဖော်ပြခြင်းမပြုရန်အတွက် ဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ ကြပ်မတ်ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

၃။ ဤပြင်ဆင်ချက်သည် ၂၀၁၆ ခုနှစ်၊ ဧပြီ လ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

( ဝင်းရှိန် )

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ဘဏ္ဍာ- ၂/ ၂/ ၃၁၀ (၆၅၄/ ၂၀၁၅)

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ လ ၂၁ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့


စကားပြောကြေးနန်း
ညွှန်ကြားရေးမှူးချုပ်(မန္တလေး) ၀၂ ၃၇၀၃၂ (ရုံး)
(နေပြည်တော်) ၀၆၇-၄၀၅၀၁၀ (ရုံး)
ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၂ -၃၇၀၃၆ (ရုံး)
ညွှန်ကြားရေးမှူး(စီမံ) ၀၂ -၃၇၀၃၅ (ရုံး)
ညွှန်ကြားရေးမှူး(စီမံကိန်း) ၀၂ -၃၇၀၃၇ (ရုံး)
ညွှန်ကြားရေးမှူး(အင်ယာ) ၀၂ -၃၇၀၃၉ (ရုံး)
လ/ထညွှန်ကြားရေးမှူး(စီမံ) ၀၂ -၃၇၀၃၈ (ရုံး)
Fax ၀၂ -၃၇၀၃၈
E-mail : dgdzmof@mptmail.net.mm
Website www.dryzone greening.gov.mm


စာအမှတ်။ စီမံ/ ဘဏ္ဍာ/ ၆၀၀ /အ /၂၀၁၇
ရက်စွဲ ။၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်း/မကွေး/မန္တလေးတိုင်းဒေသကြီး

အကြောင်းအရာ။ **တည်ဆောက်ရေးလုပ်ငန်းများကိစ္စ**

ရည်ညွှန်းချက်။ ပြည်ထောင်စုဝန်ကြီးရုံး၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၆-၆-၂၀၁၇ ရက်စွဲပါစာအမှတ်၊ (သစ်တော)၃/လွှတ်တော်(၁၉၉၇/၂၀၁၇)

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ရည်ညွှန်းစာအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီးများမှဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လုပ်ငန်းဒီဇိုင်းပုံ၊ အမျိုးအစား၊ အတိုင်းအတာ၊ ဘဏ္ဍာနှစ်ရန်ပုံငွေ၊ တာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်း၊ ကုမ္ပဏီအမည်၊ တာဝန်ခံဖုန်းနံပါတ်၊ လုပ်ငန်းစတင်မည့် ကာလပြီးဆုံးမည့် ခန့်မှန်းရက်စသည့်တို့ကို သိသာထင်ရှားသော ဗွီနိုင်းပိုစတာများဖြင့် စိုက်ထူဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ဖေချစ်၊ညွှန်ကြားရေးမှူး(စီမံ)]

မိတ္တူကို-

(၁)ညွှန်ကြားရေးမှူးချုပ်ရုံး၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့
(၂)ကျွမ်းကျင်သူ၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့
(၃)လက်ထောက်ညွှန်ကြားရေးမှူး(စီမံ)၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးမြို့
(၄) ရုံးလက်ခံ
(၅) မျှောစာတွဲ (၆) အမှုတွဲဖိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
နေပြည်တော်ရုံးခွဲ


စကားပြောကြေးနန်း
ညွှန်ကြားရေးမှူးချုပ် ၀၂-၅၇၀၃၂ (ရုံး)
Fax ၀၂-၅၇၀၃၈
နေပြည်တော် ၀၆၇-၄၀၅၀၀၀ (ရုံး)
Fax ၀၆၇-၄၀၅၃၈၇


၈၁၄
ဗိုလ်(က)
၂၈.၆.၁၇

စာအမှတ်၊ စီမံ/စိမ်းလန်း/နပတ/၁၁၈/ ၄၂၃.၂၅ /၂၀၁၇
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်

သို့

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အကြောင်းအရာ။ **လွှတ်တော်ကိုယ်စားလှယ်မှ ပေးပို့လာသော မေးခွန်းအား ဖြေကြားပေးရေးကိစ္စ**

ရည် ညွှန်း ချက် ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၆.၆.၂၀၁၇ရက်စွဲပါစာအမှတ်၊ (သစ်တော)၃/လွှတ်တော်(၁၉၉၇/၂၀၁၇ )

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် ရော၀တီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း၏ "နိုင်ငံတော်၏ လျှို့ဝှက်ထားအပ်သော စီမံကိန်းလုပ်ငန်းများမှလွဲ၍ ဝန်ကြီးဌာနအသီးသီး၏ နိုင်ငံတော်ဘက်ဂျက်ဖြင့် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လုပ်ငန်းဒီဇိုင်းပုံ၊ အမျိုးအစား၊ အတိုင်းအတာ၊ ဘဏ္ဍာနှစ်ရန်ပုံငွေ၊ တာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်း၊ ကုမ္ပဏီအမည်၊ တာဝန်ခံဖုန်းနံပါတ်၊ လုပ်ငန်းစတင်မည့်ကာလပြီးဆုံးမည့် ခန့်မှန်းရက်စသည်တို့ကို သိသာထင်ရှားသော ဗီနိုင်းပိုစတာများဖြင့်ဖော်ပြပြီး နိုင်ငံတဝန်းလုံးတစ်ပြေးညီ ဆောင်ရွက်ရန် ညွှန်ကြားထားခြင်းရှိ/မရှိ၊ ညွှန်ကြားထားပါကလည်း မလိုက်နာသူများကို မည့်သို့ဆောင်ရွက်အရေးယူသွားမည်ကို သိရှိလိုကြောင်း"တို့နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးရုံးသို့ (၂၇.၆.၂၀၁၇) ရက်နေ့အရောက် ပေးပို့ရန် ရည်ညွှန်းပါစာဖြင့် ညွှန်ကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ ဖော်ပြပါ ကြယ်ပွင့်မပြ မေးခွန်းနှင့် ပတ်သက်၍ ပူးတွဲပါအတိုင်း ဖြေကြားတင်ပြအစီရင်ခံအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
[ဖုန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး]

မိတ္တူ - ညွှန်ကြားရေးမှူးချုပ်ရုံး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။
- ညွှန်ကြားရေးမှူး (စီမံ)၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
- ရုံးလက်ခံ

## ဖြေကြားချက်

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန အနေဖြင့် နိုင်ငံတော်ဘတ်ဂျက်ဖြင့်တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းများတွင် နိုင်ငံတော် သမ္မတရုံး၏ ၁၀-၄-၂၀၁၇ နေ့တွင်ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်အမှတ်၊(၁/၂၀၁၇)( အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ပစ္စည်းဝယ်ယူခြင်း၊ဝန်ဆောင်မှုရယူခြင်း ငှားရမ်းခြင်းနှင့် ရောင်းချခြင်းဆောင်ရွက်ရာတွင် လိုက်နာရမည့်တင်ဒါလုပ်ထုံးလုပ်နည်း) နှင့်အညီလိုက်နာဆောင်ရွက်လျက်ရှိပါသည်။ထို့ပြင် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လုပ်ငန်းဒီဇိုင်းပုံ၊အမျိုးအစား၊အတိုင်းအတာ၊ ဘဏ္ဍာနှစ်ရန်ပုံငွေ၊ တာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်း၊ကုမ္ပဏီအမည်၊တာဝန်ခံဖုန်းနံပါတ်၊လုပ်ငန်းစတင်မည့် ကာလ ပြီးဆုံးမည့် ခန့် မှန်းရက်စသည့်တို့ကို သိသာထင်ရှားသောဗွီနိုင်းပိုစတာများဖြင့် ဖော်ပြပြီး တိုင်းဒေသကြီး (၃)ခုလုံးတပြေးညီဆောင်ရွက်စေရေး ညွှန်ကြားထားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

ဖုန်းနံပါတ်များ
ညွှန်ကြားရေးမှူးချုပ်(မန္တလေး) ၀၂ -၃၇၀၈၂ (ရုံး)
(နေပြည်တော်) ၀၆၇-၄၀၅၀၀၀ (ရုံး)
ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၂ -၃၇၀၃၆ (ရုံး)
ညွှန်ကြားရေးမှူး(စီမံ) ၀၂ -၃၇၀၃၅ (ရုံး)
ညွှန်ကြားရေးမှူး(စီမံကိန်း) ၀၂ -၃၇၀၃၇ (ရုံး)
ညွှန်ကြားရေးမှူး(သစ်တော) ၀၂ -၃၇၀၃၈ (ရုံး)
လ/ထညွှန်ကြားရေးမှူး(စီမံ) ၀၂ -၃၇၀၃၈ (ရုံး)
Fax ၀၂ -၃၇၀၄၈
E-mail : dgdzmof@mptmail.net.mm
Website: www.dryzone greening.gov.mm

စာအမှတ် ။ စီမံ/ ဘဏ္ဍာ/ ၅၉၈ /အ /၂၀၁၇
ရက်စွဲ ။၂၀၁၇ ခုနှစ်၊ ဇွန်လ၂၇ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်း/မကွေး/မန္တလေးတိုင်းဒေသကြီး

အကြောင်းအရာ။ အစိုးရဌာန၊အဖွဲ့အစည်းများ၏တည်ဆောက်ခြင်း၊ပစ္စည်းဝယ်ယူခြင်း၊ဝန်ဆောင်မှုရယူခြင်း၊ငှားရမ်းခြင်းနှင့်ရောင်းချခြင်းများဆောင်ရွက်ရာတွင်လိုက်နာရမည့်တင်ဒါလုပ်ထုံးလုပ်နည်းများ

ရည်ညွှန်းချက်။ ပြည်ထောင်စုဝန်ကြီးရုံး၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၅-၄-၂၀၁၇ ရက်စွဲပါစာအမှတ်၊ (သစ်တော)၂(၂)/၁၈ (၁၃၆၄/၂၀၁၇)

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ အစိုးရဌာန၊အဖွဲ့ အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများအား ရည်ညွှန်းစာဖြင့် အကြောင်းကြားလာပါသဖြင့် တိုင်းဒေသကြီးများအနေဖြင့် တိကျစွာလိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ စာမိတ္တူ ပူးတွဲလျက် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ဖေချစ်၊ညွှန်ကြားရေးမှူး (စီမံ)]

မိတ္တူကို-

(၁) ညွှန်ကြားရေးမှူးချုပ်ရုံး၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့
(၂) ကျွမ်းကျင်သူ၊အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊မန္တလေးမြို့
(၃) ရုံးလက်ခံ
(၄) မျှောစာတွဲ
(၅) အမှုတွဲဖိုင်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်သမ္မတရုံး
### ညွှန်ကြားချက်အမှတ်၊ ၁ / ၂၀၁၇
### ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
### (၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

**အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း**

၁။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေး၊ ဝန်ဆောင်မှုနှင့် ငှားရမ်းရောင်းချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရန်အချက်များကို နိုင်ငံတော်သမ္မတရုံးက ၅-၄-၂၀၁၃ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ (၁/၂၀၁၃) ဖြင့် "ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းချက်များ" ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့အပြင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်များအား ဆောက်လုပ်ရေးဝန်ကြီးဌာနက "ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်" ကို ၉-၁-၂၀၁၄ နှင့် ၆-၉-၂၀၁၆ ရက်နေ့တို့တွင် ထုတ်ပြန်ခဲ့ပါသည်။

၃။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ဆောင်ရွက်ခွင့်ပြုရာတွင် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရန်၊ အဂတိလိုက်စားမှုများ မရှိစေရန်၊ တင်ဒါကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများမဖြစ်စေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ နိုင်ငံတော်နှင့်အများပြည်သူအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြစ်စေရန် ရည်ရွယ်၍ ဤလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ခြင်းဖြစ်ပါသည်။

၄။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူများ အမြင်ကျဉ် ယုံကြည်မှုရှိစေရန်အတွက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်သည့် အခါတင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်ကုမ္ပဏီသည် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်များနှင့် မိသားစုအရ၊ လူမှုရေးအရ၊ စီးပွားရေးအရနှင့် လုပ်ငန်းအရ ပတ်သက်ခြင်းတို့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရပါမည်။ ထို့အပြင် တင်ဒါရွေးချယ်မှုကို မလျော်ကြံအသုံး၍ တစ်နည်းနည်းဖြင့် လွှမ်းမိုးဆောင်ရွက်ခြင်းများကိုလည်း လက်မခံဘဲ တရားမျှတမှုရှိစွာနှင့် ပွင့်လင်း မြင်သာစွာ ဆောင်ရွက်ရန်ဖြစ်ပါသည်။

၅။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် တင်ဒါခေါ်ယူရာတွင် ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၏ "ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်" ကိုလည်း လိုက်နာဆောင်ရွက်ရပါမည်။

၆။ နိုင်ငံတော်၏စီမံကိန်းလုပ်ငန်းကြီးများအား တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ သဘောတူခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရန်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ခွင့်ပြုချက် ရယူဆောင်ရွက်ကြရန် ဖြစ်ပါသည်။

၇။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တင်ဒါခေါ်ယူသည့် ကိစ္စရပ်တိုင်းအတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများမှ အောက်ပါအတိုင်း ရန်ပုံငွေခွင့်ပြုချက်တောင်းခံရမည်-

(က) ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ကျခံသုံးစွဲပြီး တင်ဒါခေါ်ယူမည့် စီမံကိန်း၊ လုပ်ငန်းများအား သက်ဆိုင်ရာဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ရန်၊

(ခ) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲမည့် စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာ တန်ဆာပလာများ၊ ရုံးသုံးယာဉ်များနှင့် အခြားစရိတ်များအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ရန်၊

(ဂ) သာမန်အသုံးစရိတ်ဖြင့် ကျခံသုံးစွဲမည့် ကုန်ကြမ်း၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ပညာရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများကဲ့သို့ ကိစ္စရပ်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲခဲ့သည့် စီမံကိန်း၊ လုပ်ငန်းများအတွက် သာမန်အသုံးစရိတ်မှ ကျခံသုံးစွဲမည့် အကြီးစားပြင်ဆင်ထိန်းသိမ်းရေးကိစ္စရပ်များအား သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင်ပါဝင်ရန်၊

(ဃ) နိုင်ငံခြားငွေဖြင့် ကျခံသုံးစွဲမည့် တည်ဆောက်ခြင်းနှင့် ပစ္စည်းဝယ်ယူခြင်းများအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏ နှစ်စဉ် နိုင်ငံခြားသုံးငွေစာရင်းတွင် ပါဝင်ရန်။

၈။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၏တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် "တင်ဒါကော်မတီ"၊ "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ"၊ "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ"၊ "အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီ" တို့ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

၉။ "တင်ဒါကော်မတီ" ဖွဲ့စည်းရာတွင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်မှ "တင်ဒါကော်မတီ" ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်း၏အကြီးအကဲများပါဝင်သော "တင်ဒါကော်မတီ" ကို ဖွဲ့စည်းရမည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှကျခံ၍ တိုင်းဒေသကြီး/ ပြည်နယ်များတွင်ခေါ်ယူသည့် တင်ဒါများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများမှ "တင်ဒါကော်မတီ" ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဝယ်ယူမည့်တိုင်းဒေသကြီး၊ ပြည်နယ်ဌာနအကြီးအကဲများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ကိုယ်စားလှယ်များပါဝင်သော "တင်ဒါကော်မတီ" ကို ဖွဲ့စည်းရမည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှကျခံ၍ တင်ဒါခေါ်ယူခြင်းများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဝယ်ယူမည့်ဌာနနှင့် ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များပါဝင်သော "တင်ဒါကော်မတီ" ကို ဖွဲ့စည်းရမည်။

၁၀။ "တင်ဒါကော်မတီ" အနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကျပ် ၁၀ သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန်မလိုဘဲ "တင်ဒါကော်မတီ" အနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသောအနည်းဆုံး ကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း ဆောင်ရွက်နိုင်သည်၊

(ခ) ကျပ် ၁၀ သန်းမှ ကျပ်သန်း ၁၀၀ အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တ(၂)ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာရမည်။ ထို့အပြင် "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဌာနက တာဝန်ပေးအပ်ထားသူများအပြင် အခြားသောဆက်စပ်ဌာနအဖွဲ့အစည်းများမှ အနည်းဆုံး (၃) ဦးပါဝင်ဖွဲ့စည်းရမည်၊

(ဂ) ကျပ်သန်း ၁၀၀ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက်ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁)လကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁) လ ကြိုတင်ကြေညာရမည်၊

(ဃ) နိုင်ငံကကာတင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေမဖြစ်မနေ သုံးစွဲရမည့် ကိစ္စရပ်များမှအပ ပြည်တွင်းတွင်ဝယ်ယူရရှိနိုင်သည့် ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူရမည်၊

(င) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာ ယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေးဆောင်ရွက်နိုင်ပြီး ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေရမည်။

၁၁။ "တင်ဒါကော်မတီ" သည် ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတင်ဒါများအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုး တစ်နှစ်အတွက် ကျပ် ၁၀ သန်းအောက်ဖြစ်ပါက "တင်ဒါကော်မတီ" မှ ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် ရက်သတ္တ(၂)ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာရမည်။ ထို့အပြင် "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဌာနက တာဝန်ပေးအပ်ထားသူများအပြင် အခြားသောဆက်စပ်ဌာန၊ အဖွဲ့အစည်းများမှ အနည်းဆုံး (၃) ဦး ပါဝင်ဖွဲ့စည်းရမည်၊

(ခ) ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုး တစ်နှစ်အတွက် ကျပ် ၁၀ သန်းနှင့် အထက်ဖြစ်ပါက ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန Website တွင် (၁) လ ကြိုတင်ကြေညာရမည်။

၁၂။ "တင်ဒါကော်မတီ" သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက်ရှိ/မရှိ စိစစ်ခြင်း၊

(ခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ပစ္စည်းများအတွက် အသေးစိတ်အသေးစိတ်ချိန်စံညွှန်း သတ်မှတ်ခြင်း၊

(ဃ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

(င) နည်းပညာအရမြင့်မားပြီး ရှုပ်ထွေးသည့်ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အကူးတာဝန်ပေးအပ်ခြင်း၊

(စ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့်နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(ဆ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း။

(ဇ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(ဈ) တင်ဒါအောင်မြင်သူ အား ကြေညာခြင်း၊

(ည) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဋ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း။

၁၃။ "တင်ဒါကော်မတီ" သည် "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" ကို အောက်ပါအတိုင်း ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်-

(က) "တင်ဒါကော်မတီ" သည် ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်း၏ဈေးကွက်အခြေအနေကို နားလည်တတ်ကျွမ်းသည့် သက်ဆိုင်ရာဦးစီးဌာနများမှ ကိုယ်စားလှယ် အနည်းဆုံး (၃) ဦး ပါဝင်သည့် "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" အား ဖွဲ့စည်းတာဝန်ပေးအပ်ရမည်၊

(ခ) "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" သည် ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်းအတွက် ကြမ်းခင်းဈေးနှုန်းကို တွက်ချက်ပြီး "တင်ဒါကော်မတီ" သို့ တင်ပြရမည်။

၁၄။ "တင်ဒါကော်မတီ" သည် "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို အောက်ပါအတိုင်း ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်-

(က) "တင်ဒါကော်မတီ" သည် "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို ဌာနကိုယ်စားလှယ်များအပြင် တည်ဆောက်ခြင်း၊ ဝယ်ယူမည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ တတ်ကျွမ်းနားလည်သည့်ဆက်စပ်ဌာနများမှကိုယ်စားလှယ် အနည်းဆုံး (၃) ဦး မှ အများဆုံး (၅) ဦးပါဝင်ဖွဲ့စည်းရမည်၊

(ခ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" သည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(၁) တင်ဒါများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

၁၅။ "တင်ဒါကော်မတီ" သည် "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" ကို အောက်ပါအတိုင်း ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်-

(က) "တင်ဒါကော်မတီ" သည် ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းမှကိုယ်စားလှယ် အနည်းဆုံး (၃) ဦးဖြင့် "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်၊

(ခ) "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" သည် အောက်ဖော်ပြပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(၁) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါကပစ္စည်းများကိုစမ်းသပ်ခြင်း၊

(၂) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ စိစစ်ခြင်း နှင့်အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့် ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံရရှိကြောင်းအထောက်အထားများ ထုတ်ပေးခြင်း။

- တင်ဒါလုပ်ငန်းစဉ်များ

၁၆။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ဖော်ပြပါလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရမည်-

(က) ရန်ပုံငွေခွင့်ပြုချက် ရှိ/မရှိ စိစစ်ခြင်း၊

(ခ) ဝယ်ယူရေးအစီအစဉ် ရေးဆွဲတင်ပြအတည်ပြုချက်ယူခြင်း၊

(ဂ) စာချုပ်ဆိုင်ရာ စာရွက်စာတမ်းများအပါအဝင် တင်ဒါစာရွက်စာတမ်းများ ပြုစုခြင်း၊

(ဃ) တင်ဒါဖိတ်ခေါ်ခြင်းနှင့် ကြော်ငြာခြင်း၊

(င) တင်ဒါလက်ခံခြင်းနှင့် စိစစ်ခြင်း၊

(စ) တင်ဒါများကို အကဲဖြတ်သုံးသပ်ခြင်းနှင့် ကန်ထရိုက်အပ်နှင်းရန် အကြံပြုချက်များ ပါဝင်သည့် အစီရင်ခံစာများတင်ပြခြင်း၊

(ဆ) တင်ဒါအောင်မြင်သူအား ထုတ်ပြန်ကြေညာခြင်း၊

(ဇ) စာချုပ်ပြင်ဆင်ခြင်းနှင့် ချုပ်ဆိုခြင်း၊

(ဈ) ငွေပေးချေခြင်းအပါအဝင် စာချုပ်ကို စီမံခန့်ခွဲခြင်း။

**ရန်ပုံငွေခွင့်ပြုချက် ရှိ/မရှိ စိစစ်ခြင်း**

၁၇။ "တင်ဒါကော်မတီ" သည် တင်ဒါခေါ်ယူရမည့် လုပ်ငန်းများအတွက် ဘဏ္ဍာရန်ပုံငွေခွင့်ပြုချက် ရရှိပြီးခြင်း ရှိ/မရှိ အောက်ပါအတိုင်း စိစစ်ရမည်-

(က) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲပြီး တင်ဒါခေါ်ယူမည့်စီမံကိန်း၊ လုပ်ငန်းများအား သက်ဆိုင်ရာဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ၊

(ခ) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲမည့် စက်ပစ္စည်းများ၊ ရုံးသုံးစက်ကရိယာ ဘန်ဆာပလာများ၊ ရုံးသုံးယာဉ်များနှင့် အခြားစရိတ်များအား သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ၊

(ဂ) သာမန်အသုံးစရိတ်ဖြင့် ကျခံသုံးစွဲမည့် ကုန်ကြမ်း၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ပညာရေး ဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ စသည့်ကိစ္စရပ်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျခံသုံးစွဲခဲ့သည့် စီမံကိန်း၊ လုပ်ငန်းများအတွက် သာမန်အသုံးစရိတ်မှ ကျခံသုံးစွဲမည့် အကြီးစားပြင်ဆင်ထိန်းသိမ်းရေးကိစ္စရပ်များအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ၊

(ဃ) နိုင်ငံခြားငွေဖြင့် ကျခံသုံးစွဲမည့် တည်ဆောက်ခြင်းနှင့် ပစ္စည်းဝယ်ယူခြင်းများအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏နှစ်စဉ်နိုင်ငံခြားသုံးငွေစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ။

ဂယ်ယူရေးအစီအစဉ် ရေးဆွဲတင်ပြခြင်း

၁၈။ ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ရသုံးခန့်မှန်းခြေစာရင်း ဘဏ္ဍာငွေခွင့်ပြုချက် ရရှိမှုကို စိစစ်ပြီး အောက်ပါတို့ပါဝင်သည့် ဝယ်ယူရေးအစီအစဉ်ရေးဆွဲ၍ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန၊ အဖွဲ့အစည်းအကြီးအကဲ သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်အား တင်ပြ အတည်ပြုချက်ရယူရမည်-

(က) တင်ဒါခေါ်ယူမည့် စီမံကိန်း သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဖော်ပြချက်များ၊

(ခ) ဘက်ဂျက်လျာထားချက် ခွင့်ပြုဘဏ္ဍာရန်ပုံငွေ၊

(ဂ) ဝယ်ယူမည့် အစီအစဉ်၊

(ဃ) တင်ဒါဖွင့်ဖောက်မည့် ခန့်မှန်းနေ့ရက်၊

(င) တင်ဒါအပ်နှင်းမည့် ခန့်မှန်းနေ့ရက်၊

(စ) ပြီးစီးမည့် ခန့်မှန်းနေ့ရက်။

တင်ဒါစာရွက်စာတမ်းများ ပြုစုခြင်း

၁၉။ ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်းများသည် "တင်ဒါကော်မတီ" ၏ ခွင့်ပြုချက်ရယူ၍ အိတ်ဖွင့်တင်ဒါ ခေါ်ယူရာတွင် အောက်ပါ တင်ဒါစာရွက်စာတမ်းများကို ပြင်ဆင်ရမည်-

(က) တင်ဒါဖိတ်ခေါ်စာ သို့မဟုတ် ကြော်ငြာ၊

(ခ) တင်ဒါပုံစံများ၊

(ဂ) စံချိန်စံညွှန်းသတ်မှတ်ချက်များ၊

(ဃ) တင်ဒါတင်သွင်းသူများသို့ ညွှန်ကြားချက်၊

(င) တင်ဒါအရည်အချင်းသတ်မှတ်ချက်၊

(စ) တင်ဒါစိစစ်အကဲဖြတ်မည့် အစီအစဉ်၊

(ဆ) စာချုပ်တွင်ပါဝင်ရမည့် အချက်များ။

တင်ဒါဖိတ်ခေါ်ခြင်းနှင့် ကြော်ငြာခြင်း

၂၀။ တင်ဒါကြော်ငြာရာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်း၏ အမည်နှင့် လိပ်စာ၊

(ခ) တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များ၊

(ဂ) တင်ဒါတင်သွင်းသူ၏ အရည်အချင်းဆိုင်ရာ လိုအပ်ချက်များ၊

(ဃ) တင်ဒါ စာရွက်စာတမ်းများအတွက် ကျသင့်သည့် ဈေးနှုန်း၊

(င) တင်ဒါတင်သွင်းရမည့် နည်းလမ်း၊ နေရာနှင့် နောက်ဆုံးတင်သွင်းရမည့်နေ့ရက်။

တင်ဒါတင်သွင်းခြင်း

၂၁။ တင်ဒါအား တင်ဒါစာရွက်စာတမ်းတွင် ဖော်ပြပါရှိသည့် နည်းလမ်း၊ နေရာနှင့် အချိန်အတိုင်း တင်သွင်းရမည်။ တင်ဒါတင်သွင်းလွှာအား ရေးသားပြီး ချိတ်ပိတ်ထားသော စာအိတ်ဖြင့် တင်သွင်းရမည်။ တင်ဒါစာရွက်စာတမ်းတွင် တင်ဒါတည်မြဲသည့် ကာလကို ဖော်ပြရမည်။ အဆိုပါကာလသည် ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်းအနေဖြင့် အကဲဖြတ်ခြင်းနှင့် ခွင့်ပြုချက်ရယူခြင်းအတွက် လုံလောက်သောအချိန်ဖြစ်ရမည်။ ရှုပ်ထွေးပြီး ကြီးမားသည့် စီမံကိန်းကြီးများမှအပ တင်ဒါတည်မြဲမှုကာလသည် တင်ဒါတင်သွင်းသည့် နေ့ရက်မှစ၍ (၃) လထက် မပိုစေရ။ ရှုပ်ထွေးပြီး ကြီးမားသည့် စီမံကိန်းကြီးများအတွက်မူ "တင်ဒါကော်မတီ" မှ တင်ဒါတည်မြဲမှုကာလကို သတ်မှတ်ပေးရမည်။

၂၂။ တင်ဒါတင်သွင်းသူမှ တင်ဒါအာမခံကြေးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှရယူ၍ တင်သွင်းနိုင်သည်။ တင်ဒါအာမခံကြေးသည် တင်ဒါတန်ဖိုး၏ (၁ %) ဖြစ်ပြီး သက်တမ်းမှာ တင်ဒါတည်မြဲမှုကာလ ကုန်ဆုံးသည့်နောက် (၂၈) ရက်အထိ ဖြစ်ရပါမည်။ ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်း၊ စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခြင်းနှင့် တိုက်ရိုက်စာချုပ်ချုပ်ဆိုခြင်းတို့အတွက် တင်ဒါအာမခံကြေးမလိုအပ်ပါ။

တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် တင်ဒါဖွင့်ဖောက်ခြင်းနှင့် စိစစ်ခြင်း

၂၃။ တင်ဒါအား တင်ဒါစာရွက်စာတမ်းတွင် ဖော်ပြပါရှိသည့် နည်းလမ်း၊ နေရာနှင့် အချိန်အတိုင်း တင်ဒါတင်သွင်းသူများရှေ့တွင် ဖွင့်ဖောက်ရမည်။ တင်ဒါဖွင့်ဖောက်စဉ်တွင် အောက်ဖော်ပြပါ အချက်အလက်များကို ကြေညာရမည်-

(က) တင်ဒါတင်သွင်းသူများ၏အမည်၊

(ခ) တင်သွင်းသည့် ဈေးနှုန်း၊

(ဂ) တင်ဒါအာမခံကြေး၏ပမာဏနှင့် တည်မြဲမှုကာလ။

၂၄။ ဝယ်ယူမည့် ဌာနအဖွဲ့အစည်းသည် တင်ဒါစာရွက်စာတမ်းတွင် ဖော်ပြပါရှိသည့် အကဲဖြတ်မှု စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ စိစစ်အကဲဖြတ်ရမည်။ တင်ဒါတင်သွင်းသူများအား စိစစ်အကဲဖြတ်ရာတွင် အောက်ဖော်ပြပါလုပ်ငန်းအဆင့်များအတိုင်း ဆောင်ရွက်ရမည်-

(က) စာရွက်စာတမ်းပြည့်စုံမှု၊

(ခ) တင်ဒါအာမခံကြေး၊

(ဂ) သတ်မှတ်အရည်အချင်းပြည့်မီမှု၊

(ဃ) လိုအပ်ပါက ထုတ်လုပ်သူ၏ ခွင့်ပြုချက်၊

(င) တင်ဒါတင်သွင်းသူများ၏အတွေ့အကြုံ၊

(စ) စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု၊

(ဆ) လုပ်ငန်းဆိုင်ရာသတ်မှတ်ချက်များနှင့် ကိုက်ညီမှု၊

အထက်ပါ အချက်များအားလုံးအပေါ် အခြေခံပြီး တင်ဒါ အောင်/ရှုံးကို ဆုံးဖြတ်ရပါမည်၊

၂၅။ ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းကြီးများအတွက်မူ အကဲဖြတ်မှုကို အမှတ်ပေးစနစ် (rated point system) ဖြင့် ပြုလုပ်ရမည်။ အမှတ်ပေးစနစ်ကို အသုံးပြုလျှင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

| | | |
|---|---|---|
| (က) | တင်ဒါတင်သွင်းသူများ၏အရည်အချင်းနှင့် အတွေ့အကြုံ | - ၀ မှ ၁၀ မှတ်၊ |
| (ခ) | အသုံးပြုသည့် နည်းလမ်း | - ၀ မှ ၁၀ မှတ်၊ |
| (ဂ) | အရေးကြီးသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု | - ၀ မှ ၂၀ မှတ်၊ |
| (ဃ) | အဓိကကျသော ဝန်ထမ်းများ | - ၀ မှ ၁၀ မှတ်၊ |
| (င) | ကမ်းလှမ်းသည့် ဈေးနှုန်း | - ၅၀ မှ ၇၀ မှတ်။ |

တင်ဒါတင်သွင်းသူများကတင်သွင်းသည့် အနိမ့်ဆုံးဈေးနှုန်းကို အမှတ်အများဆုံးပေး၍ ကျန်အချက်များကို အချိုးကျတွက်ချက်ရမည်။ စုစုပေါင်း ရမှတ်သည် ၁၀၀ မှတ်ထက် မပိုစေရ။ တင်ဒါများသည် အထက်ဖော်ပြပါ လိုအပ်ချက်များနှင့် တင်ဒါစာရွက်စာတမ်းပါ အခြားလိုအပ်ချက်များနှင့် အများဆုံး ကိုက်ညီမှုရှိပါက ကမ်းလှမ်းသည့်ဈေးနှုန်းကို ထပ်မံသုံးသပ်၍ နည်းပညာစံချိန်စံညွှန်း ကိုက်ညီသော တင်ဒါတင်သွင်းသူများအနက်မှ ဈေးအနည်းဆုံးသော တင်ဒါကို ရွေးချယ်ရမည်။

အကြံပေး၊ ဝန်ဆောင်မှုရယူခြင်းအတွက် တင်ဒါလက်ခံခြင်းနှင့် စိစစ်ခြင်း

၂၆။ အကြံပေး၊ ဝန်ဆောင်မှုရယူရာတွင် ပြည်ထောင်စုအစိုးရ၏မူဝါဒဖြစ်သည့် ထူးခြားမှုရှိပြီး လိုအပ်သည့် အခြေအနေများအတွက်သာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရန် ဖြစ်ပါသည်။ အကြံပေးများငှားရမ်းဆောင်ရွက်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်ရရှိပြီးပါက ငှားရမ်းမည့် ဌာန၊ အဖွဲ့အစည်းသည် စိတ်ဝင်စားမှုအဆိုပြုလွှာ တောင်းခံ၍ အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်-

(က) ခေါ်ယူမည့် ဌာန၊ အဖွဲ့အစည်းမှ အကြံပေးကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ အဆိုပြုလွှာများ ပြင်ဆင်နိုင်ရန် အနည်းဆုံးရက်ပေါင်း (၃၀) ခွင့်ပြုပေးရမည်။

(ခ) နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများအား ဆိုက်ပိတ်စာအိတ်များဖြင့် သီးခြားစီခွဲ၍ တင်ဒါတင်သွင်းရမည့် နေ့ရက်တွင် တစ်ပြိုင်တည်း တင်သွင်းစေရမည်။

(ဂ) "တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ" အနေဖြင့် လက်ခံရရှိသည့် နည်းပညာဆိုင်ရာ အဆိုပြုလွှာများ အားလုံးအား ဖွင့်ဖောက်ရမည်။ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများအား အများရှေ့မှောက်တွင် ဖွင့်ဖောက်ခြင်းမပြုဘဲ ချိပ်ပိတ်ထားရမည်။

၂၇။ အဆိုပြုလွှာများကို စိစစ်အကဲဖြတ်မှုကို အဆင့်နှစ်ဆင့်ဖြင့် ပြုလုပ်ရမည်။ ပထမဦးစွာ နည်းပညာဆိုင်ရာ အဆိုပြုလွှာ၏အရည်အချင်းနှင့် အရည်အသွေးကို အကဲဖြတ်ပြီးမှသာ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာအား အကဲဖြတ်ရမည်။ နည်းပညာဆိုင်ရာ အကဲဖြတ်မှုမပြီးဆုံးမီ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာအား ဖွင့်ဖောက်ခြင်း မပြုလုပ်ရ။

၂၈။ "တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ" အနေဖြင့် နည်းပညာဆိုင်ရာအဆိုပြုလွှာတစ်ခုချင်းစီကို အကဲဖြတ်ရာတွင် အောက်ပါစံနှုန်းများကို အသုံးပြုရမည်-

(က) အကြံပေးသို့ ပေးအပ်မည့် လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သည့် လုပ်ငန်းအတွေ့အကြုံ၊

(ခ) လုပ်ငန်းလုပ်ဆောင်မည့် နည်းလမ်း၊

(ဂ) အဓိကကျသည့် ကျွမ်းကျင်ပုဂ္ဂိုလ်များပါဝင်မှု၊

(ဃ) လုပ်ငန်းဆိုင်ရာရည်ညွှန်းဖော်ပြချက်တွင် ဖော်ပြထားသည့် နည်းပညာ ၊ အတတ်ပညာ လွှဲပြောင်းပေးနိုင်မှု၊

(င) ပေးအပ်မည့် လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သည့် အဓိကကျသည့် ကျွမ်းကျင်ပုဂ္ဂိုလ်များတွင် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များပါဝင်မှု။

၂၉။ ရမှတ်ပေးရာတွင် အောက်ဖော်ပြပါ ရမှတ်သတ်မှတ်ချက်များအတွင်းရှိရမည်ဖြစ်ပြီး ရမှတ် (၁၀၀) ထက်မကျော်စေရပါ-

| | | |
|---|---|---|
| (က) | အကြံပေး၏ လုပ်ငန်းအတွေ့အကြုံ | - ၀ မှတ်မှ ၁၀ မှတ် အထိ၊ |
| (ခ) | လုပ်ငန်းလုပ်ဆောင်မည့် နည်းလမ်း | - ၂၀မှတ်မှ ၄၀ မှတ် အထိ၊ |
| (ဂ) | အဓိကကျသည့် ကျွမ်းကျင်ပုဂ္ဂိုလ်များ | - ၃၀မှတ်မှ ၆၀ မှတ်အထိ၊ |
| (ဃ) | နည်းပညာ အတတ်ပညာ လွှဲပြောင်းပေးနိုင်မှု | - ၀ မှတ်မှ ၁၀ မှတ် အထိ၊ |
| (င) | ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆောင်ရွက်နိုင်မှု | - ၀ မှတ်မှ ၁၀ မှတ် အထိ။ |

ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများအား ဖွင့်ဖောက်ခြင်း

၃၀။ နည်းပညာအကဲဖြတ်မှုပြီးဆုံးပါက နည်းပညာဆိုင်ရာ သတ်မှတ်ထားသော အောင်မှတ်ရရှိသော အဖွဲ့များ၏ ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများကိုသာ "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" မှ ဖွင့်ဖောက်စိစစ်၍ ဈေးနှုန်းအနည်းဆုံးတင်သွင်းသူအား စိစစ်ရွေးချယ်ရမည်။

စာချုပ်ညှိနှိုင်းခြင်းနှင့် အပ်နှင်းခြင်း

၃၁။ စာချုပ်ညှိနှိုင်းခြင်းတွင် လုပ်ငန်းတာဝန်၊ ဆောင်ရွက်မည့်နည်းလမ်း၊ ဝန်ထမ်းအရေအတွက်၊ ငှားရမ်းသူဘက်မှ ထောက်ပံ့ပေးရမည့်ကိစ္စများနှင့်အခြေအနေများအား ဆွေးနွေးရမည်ဖြစ်ပြီး ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးမှတ်တမ်း ထုတ်ပြန်ရမည်။ "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" အနေဖြင့် အမှတ်အများဆုံးရရှိသောအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးခြင်းပျက်ခဲ့ပါက အဆင့်အလိုက် ရမှတ်အများဆုံးရရှိသော အကြံပေးနှင့် ညှိနှိုင်းဆွေးနွေးရမည်။

တစ်ဦးချင်းအကြံပေးများရွေးချယ်ခြင်း

၄၂။ တစ်ဦးချင်းအကြံပေးများအား သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ၊ အရည်အသွေးရှိသော အနည်းဆုံးအကြံပေး (၃) ဦးအား နှိုင်းယှဉ်ခြင်းဖြင့် ရွေးချယ်ရမည်။ အဆိုပါအကြံပေး (၃) ဦးအား ၎င်းတို့မှ အဆိုပါလုပ်ငန်းအား စိတ်ဝင်စားကြောင်း ဖော်ပြချက်များမှသော်လည်းကောင်း၊ "တင်ဒါ လက်ခံရေးနှင့် စိစစ်ရေးကော်မတီ" မှ တိုက်ရိုက်ဆက်သွယ်ခြင်းဖြင့်သော်လည်းကောင်း ရယူနိုင်သည်။ ရွေးချယ်ရန် စဉ်းစားထားသောအကြံပေးများသည် လုပ်ငန်းအတွက် သတ်မှတ်ထားသော အချက်အလက်များမှ အတွေ့အကြုံနှင့် အရည်အချင်းများပြည့်မီသူများကိုသာ နှိုင်းယှဉ်စဉ်းစားရွေးချယ်ရမည်၊ "တင်ဒါ လက်ခံရေးနှင့် စိစစ်ရေးကော်မတီ" သည် "တင်ဒါကော်မတီ" ၏ ခွင့်ပြုချက်ရယူ၍ အကောင်းဆုံး အကြံပေးနှင့် ညှိနှိုင်း၍ စာချုပ်ချုပ်ဆိုရမည်။

နိုင်ငံပိုင်ပစ္စည်းများဘားရမ်းခြင်းနှင့် ရောင်းချခြင်း

၄၃။ "တင်ဒါကော်မတီ" အနေဖြင့် နိုင်ငံပိုင်မြေပေါ်ရှိ ပိုင်ဆိုင်ပစ္စည်းများ၊ မြေကွက်များနှင့် စက်ရုံများကို ရောင်းချရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရောင်းချမည့် နိုင်ငံပိုင်ပစ္စည်းများ၏ စာရင်းနှင့် အသေးစိတ်ဖော်ပြချက်၊

(ခ) "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" က ပစ္စည်းတစ်မျိုးစီအတွက် ကြမ်းခင်းဈေးကို တွက်ချက်ရမည်၊

(ဂ) "တင်ဒါကော်မတီ" အနေဖြင့် ရောင်းချမည့် ပစ္စည်းအား နိုင်ငံပိုင်သတင်းစာများနှင့် ဝန်ကြီးဌာန Website တွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် အနည်းဆုံး (၁) လကြိုတင်၍ သိသာထင်ရှားစွာ ကြော်ငြာရမည်၊

(ဃ) ဝယ်ယူမည့် အဖွဲ့အစည်းသည် ကြော်ငြာတွင်ဖော်ပြထားသည့် နောက်ဆုံးရက်မတိုင်မီ ၎င်း၏ကမ်းလှမ်းချက်ကို ချိပ်ပိတ်စာအိတ်နှင့် တင်သွင်းရမည်။ ဝယ်ယူသူ၏ ကမ်းလှမ်းချက်ကို ၎င်းတို့ကမ်းလှမ်းချက်၏ အမြင့်ဆုံး ၁၀ % သို့မဟုတ် "တင်ဒါ ကော်မတီ" က ဆုံးဖြတ်သတ်မှတ်သည့်တန်ဖိုးကို တင်ဒါအာမခံကြေးအဖြစ် တင်သွင်း ရမည်။ တင်ဒါအာမခံကြေး၏ တည်မြဲမှုကာလသည် တင်ဒါဖွင့်လှစ်သည့် နေ့ရက်မှ ရက်ပေါင်း (၆၀) အတွင်းဖြစ်သည်၊

(င) "တင်ဒါကော်မတီ" သည် စာအိတ်ကို ဖွင့်လှစ်ပြီးနောက် ပစ္စည်းအမည်၊ ဝယ်ယူသူနှင့် ၎င်းတို့၏ ကမ်းလှမ်းသည့် ဈေးနှုန်းကို ကြေညာရမည်၊

(စ) သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးနှင့်အတူ ကြမ်းခင်းဈေးထက် ဈေးနှုန်းအမြင့်ဆုံး ကမ်းလှမ်းသည့် ဝယ်ယူသူအား ရွေးချယ်ရမည်၊

(ဆ) တင်ဒါတင်သွင်းသူအားလုံး၏ ဈေးနှုန်းအဆိုပြုချက်များသည် သတ်မှတ်သည့် ကြမ်းခင်းဈေးထက် လျော့နည်းပါက "တင်ဒါကော်မတီ" အနေဖြင့် နိုင်လုံသည့်အကြောင်းပြချက်ဖြင့် ရောင်းချမှုကို ပယ်ဖျက်နိုင်သည်။

ရောင်းချခြင်းအတွက် ငွေပေးသွင်းမှု

၃၄။ နိုင်ငံပိုင်ပစ္စည်းများ ရောင်းချခြင်းအတွက် ငွေပေးသွင်းမှုကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ နိုင်ငံတော်စာရင်းဖြစ်သော ငွေတိုက်ဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-012672 သို့ ပေးသွင်းရမည်။ ငွေပေးသွင်းမှုကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ရောင်းချငွေတန်ဖိုး၏ (၃၀%) ကို လက်ခံကြောင်းအကြောင်းကြားစာရရှိပြီး (၁) လအတွင်း ငွေပေးသွင်းရပါမည်၊

(ခ) ပထမအရစ်ပေးသွင်းပြီးနောက်ကျန်ငွေ(၇၀%)ကိုအောက်ပါအတိုင်းပေးသွင်းရမည်-

(၁) ရောင်းချငွေတန်ဖိုး ကျပ်သန်း (၁၀၀၀) အောက်အတွက် ကျန်ငွေ (၇၀%)ကို လက်ခံကြောင်းအကြောင်းကြားစာရရှိပြီး (၆)လအတွင်း အပြီးပေးသွင်းရပါမည်၊

(၂) ရောင်းချငွေတန်ဖိုး ကျပ်သန်း (၁၀၀၀) အထက်အတွက် ကျန်ငွေ (၇၀%) ကို လက်ခံကြောင်းအကြောင်းကြားစာရရှိပြီး (၉) လအတွင်းအပြီး ပေးသွင်းရမည်၊

(ဂ) ကနဦးငွေပေးသွင်းရန် ပျက်ကွက်ပါက တင်ဒါအာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းယူရမည်။ ကနဦးငွေပေးသွင်းပြီး ကျန်ငွေကို ပေးသွင်းခြင်းမရှိပါက ကနဦး ပေးသွင်းသည့် ငွေကိုလည်း နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းယူရမည်။

၃၅။ နိုင်ငံပိုင်ပစ္စည်းများ ငှားရမ်းခြင်းအား အထက်တွင် ဖော်ပြထားသော ရောင်းချခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရပါမည်။

ငှားရမ်းခြင်းအတွက် ငွေပေးသွင်းမှု

၃၆။ ငှားရမ်းခြင်းအတွက် ငွေပေးသွင်းမှုကို သက်ဆိုင်ရာငှားရမ်းသည့် အစိုးရဌာနအဖွဲ့အစည်းက စာချုပ်ပါ ငှားရမ်းခနှုန်းထားများအတိုင်း လက်ခံရယူ၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ငွေစာရင်းသို့ ပေးသွင်းရန် ဖြစ်ပါသည်။ နိုင်ငံပိုင်ပစ္စည်းများ ငှားရမ်းခြင်းအတွက် ငွေပေးသွင်းမှုကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) စာချုပ်လက်မှတ်ရေးထိုးသည့် နေ့ရက်တွင် ငှားရမ်းမှုတန်ဖိုး၏ (၁) လစာအား စပေါ် ငွေအဖြစ် ထားရှိရမည်၊

(ခ) ငှားရမ်းမှုမစတင်မီ ငှားရမ်းခ (၁၂) လစာ အား ကြိုတင်ပေးသွင်းရမည်၊

(ဂ) ကျန်ငွေများကို စာချုပ်ပါ စည်းကမ်းချက်အတိုင်း ပေးသွင်းရမည်၊

တင်ဒါအောင်မြင်သူအား ထုတ်ပြန်ကြေညာခြင်း

၃၇။ "တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ" သည် အကဲဖြတ်မှုအစီရင်ခံစာအား အကြံပြုချက်များနှင့်အတူ ပြုစု၍ "တင်ဒါကော်မတီ" ထံ တင်ပြရမည်။ အစီရင်ခံစာတွင် တင်ဒါမအောင်မြင်သူများနှင့် မရွေးချယ်ရသည့် ရှင်းလင်းချက်များကို ဖော်ပြရမည်။ "တင်ဒါကော်မတီ" မှ တင်ဒါရွေးချယ်မှုအား သက်ဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ရရှိပြီးပါက တင်ဒါအောင်မြင်သူကို ထုတ်ပြန်ကြေညာပြီး ကန်ထရိုက်အပ်နှင်းခြင်းကို ဆောင်ရွက်ရမည်။ ကော်မတီသည် အစီရင်ခံစာတွင် တင်ဒါမအောင်မြင်သော တင်ဒါတင်သွင်းသူများအား တရားဝင်အကြောင်းကြားပြီး တင်ဒါအာမခံကြေးကို (၇) ရက်အတွင်း ပြန်လည်ထုတ်ပေးရမည်။ တင်ဒါအောင်မြင်သူသည် လုပ်ငန်းအာမခံကြေးအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုသည့် ဘဏ်တစ်ခုခုမှရယူ၍ တင်ဒါစာရွက်စာတမ်းများတွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း တင်သွင်းရမည်။ လုပ်ငန်းအာမခံကြေး တင်သွင်းပြီးပါက စာချုပ်တွင် လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး တင်ဒါအောင်မြင်သူ ပေးသွင်းထားသည့် တင်ဒါအာမခံကြေးအား ပြန်လည်ထုတ်ပေးရမည်။ လုပ်ငန်းအာမခံကြေးသည် စာချုပ်တန်ဖိုး၏ (၁၀%) ဖြစ်သည်။ ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်းအတွက် လုပ်ငန်းအာမခံကြေး မလိုအပ်ပါ။

စာချုပ်ပြင်ဆင်ခြင်းနှင့် ချုပ်ဆိုခြင်း

၃၈။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းများအနေဖြင့် တင်ဒါအောင်မြင်သူနှင့် ချုပ်ဆိုမည့် စာချုပ်များတွင် အောက်ပါအချက်များပါဝင်ရမည်-

(က) စာချုပ်ချုပ်ဆိုသည့် နှစ်ဖက်အဖွဲ့အစည်းများ၏ အချက်အလက်များ၊

(ခ) ပေးသွင်းရမည့်ပစ္စည်းနှင့် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုအတွက် သတ်မှတ်ဖော်ပြချက်များ၊ အရေအတွက်နှင့် လုပ်ငန်းပမာဏ၊

(ဂ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု ပေးသွင်းရမည့် နေရာနှင့် အချိန်၊

(ဃ) စာချုပ်တန်ဖိုးနှင့် ပေးဆောင်ရမည့် အခွန်၊

(င) ပေးချေမည့် ငွေအမျိုးအစား(ကျပ်ငွေ သို့မဟုတ် သတ်မှတ်နိုင်ငံခြားငွေ)၊

(စ) ငွေပေးချေမည့် ကာလနှင့် အစီအစဉ်၊

(ဆ) စာချုပ်ပါ အခြားအချက် အခြေအနေများ၊

(ဇ) ဝန်ဆောင်မှုနှင့် အာမခံ ကာလ၊

(ဈ) လုပ်ငန်းအာမခံကြေးပြန်လည်ထုတ်ပေးမည့် အစီအစဉ်၊

(ည) မလွန်ဆန်နိုင်သောဖြစ်ရပ်များ (Force Majeure) အတွက် ဆောင်ရွက်မည့်အစီအစဉ်၊

(ဋ) မူပိုင်ခွင့်နှင့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်ခွင့်၊

(ဌ) စာချုပ်ပြင်ဆင်ခြင်း သို့မဟုတ် စာချုပ်ဖျက်သိမ်းခြင်း၊

(ဍ) နှောင့်နှေးကြန့်ကြာမှုနှင့်ဒဏ်ကြေး၊

ငွေပေးချေမှုဆိုင်ရာသတ်မှတ်ချက်များ

၃၉။ ချုပ်ဆိုရမည့် စာချုပ်တွင်ပေးချေမည့်ကျပ်ငွေ သို့မဟုတ် သတ်မှတ်နိုင်ငံခြားငွေ ဖော်ပြ၍ ငွေပေးချေရမည့် နည်းလမ်းနှင့် ပေးချေမည့် အဆင့်များပါဝင်ရမည်။ ငွေပေးချေမှုဆိုင်ရာအဆင့်များမှာ ကြိုတင်ငွေပေးချေမှု၊ နိုင်ငံခြားမှပစ္စည်းများကို သင်္ဘောတင်ချိန်တွင်ပေးချေမှု၊ ပစ္စည်းရောက်ရှိချိန်တွင် ပေးချေမှုနှင့် ပစ္စည်းများကို စိစစ်လက်ခံသည့် အချိန်တွင် ပေးချေမှုတို့ဖြစ်သည်။ ကြိုတင်ငွေပေးချေမှုသည် စာချုပ်တန်ဖိုး၏ (၁၀%) ထက် မပိုစေရ။ ပစ္စည်းပေးသွင်းသူသည် ကြိုတင်ငွေပေးချေမှုအာမခံအဖြစ် စာချုပ်တန်ဖိုး၏ (၁၀%)ကို တင်သွင်းရမည်။

၄၀။ ကျွမ်းကျင်ပညာရှင်ငှားရမ်းခြင်း၊ လုံခြုံရေးဝန်ဆောင်မှုရယူဆောင်ရွက်ခြင်းစသည့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ ငွေပေးချေခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ငှားရမ်းသည့်အကြိမ်ပေး၊ ကျွမ်းကျင်ပညာရှင်၏ အလုပ်လုပ်ရက်အပေါ်မူတည်၍ လစဉ်ငွေပေးချေခြင်း၊

(ခ) ငှားရမ်းသည့်ကာလအပေါ် မူတည်၍ စာချုပ်ချုပ်ဆိုချိန်တွင် (၂၅%) ပေးချေခြင်း။ ကျန်ကာလများအတွက် အရစ်ကျပေးချေခြင်းနှင့် လုပ်ငန်းပြီးစီးချိန်တွင် စာချုပ်တန်ဖိုး၏ ကျန်ငွေအား ပေးချေခြင်း၊

တင်ဒါတင်သွင်းသူများ၏ အရည်အချင်းသတ်မှတ်ချက်

၄၁။ ပြည်တွင်းမှ တင်ဒါတင်သွင်းသူများသည် အောက်ပါအချက်များနှင့် ကိုက်ညီရပါမည်-

(က) နိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီ ဖြစ်ရမည်၊

(ခ) နိုင်ငံတော်မှ သတ်မှတ်ထားသည့် အခွန်များ ပေးဆောင်ပြီးသည့် ကုမ္ပဏီဖြစ်ရမည်၊

၄၂။ ပြည်ပမှဝယ်ယူခြင်းအတွက် နိုင်ငံတကာတင်ဒါတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် တင်ဒါအောင်မြင်၍ စာချုပ်ချုပ်ဆိုခြင်းမပြုမီ နိုင်ငံအတွင်း၌ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ပြီးဖြစ်ရမည်။

ဝယ်ယူရေးဆိုင်ရာမှတ်တမ်းတင်ခြင်း

၄၃။ ဝယ်ယူမည့်ဌာနအဖွဲ့အစည်းသည် တင်ဒါလုပ်ငန်းစဉ်များအားလုံးကို မှတ်တမ်းထားရှိပြီး အောက်ပါမှတ်တမ်းများအား အနည်းဆုံး (၅) နှစ် ထိန်းသိမ်းထားရှိရမည်-

(က) လက်ခံရရှိသည့် တင်ဒါများ၊

(ခ) စိစစ်အကဲဖြတ်မှု အစီရင်ခံစာ၊

(ဂ) တင်ဒါကော်မတီ၏မှတ်တမ်း၊

(ဃ) လက်မှတ်ရေးထိုးပြီး စာချုပ်၊

(င) ငွေပေးချေမှုဆိုင်ရာအချက်အလက်များ၊

(စ) လက်ခံရရှိကြောင်း အသိအမှတ်ပြုစာ၊

(ဆ) အခြားဆက်စပ် စာရွက်စာတမ်းများ။

တင်ဒါအား ငြင်းပယ်ခြင်း

၄၄။ "တင်ဒါကော်မတီ" အနေဖြင့် အောက်ပါအကြောင်းအချက်များဖြင့် တင်ဒါအားလုံး သို့မဟုတ် တင်ဒါအချို့အား ငြင်းပယ်နိုင်သည်-

(က) တင်ဒါတင်သွင်းသူ တစ်ဦးမျှမရှိခြင်း၊

(ခ) တင်ဒါတင်သွင်းသူများအကြား ညှိနှိုင်းဆောင်ရွက်သည်ဟု သံသယရှိခြင်း၊

(ဂ) တင်ဒါတင်သွင်းသူများနှင့် စိစစ်ရွေးချယ်သူများအဂတိလိုက်စားမှုတွင် ပါဝင်သည်ဟု သံသယရှိခြင်း၊

(ဃ) နည်းပညာစံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး တင်သွင်းသည့်တင်ဒါ၏ အနိမ့်ဆုံးဈေးနှုန်းသည် ခွင့်ပြုဘတ်ဂျက်ထက် မြင့်မားနေခြင်း၊

(င) တင်ဒါအားလုံး သို့မဟုတ် တင်ဒါအချို့အား ငြင်းပယ်ရာတွင် "တင်ဒါကော်မတီ"သည် လုံလောက်သည့် အကြောင်းပြချက်ဖြင့် မှတ်တမ်းရေးသွင်း၍ ပယ်ဖျက်ရမည်၊

(စ) ဈေးနှုန်းသက်သာရန် အကြောင်းပြချက်တစ်ခုတည်းဖြင့် တင်ဒါအားလုံး သို့မဟုတ် တင်ဒါအချို့အား ငြင်းပယ်၍ တင်ဒါအသစ်ပြန်လည်ခေါ်ယူခြင်း မပြုရ၊

(ဆ) အနည်းဆုံးဈေးနှုန်းသည် သက်မှတ်ကြမ်းခင်းဈေးထက် သိသာထင်ရှားစွာ မြင့်မားနေပါက ထိုသို့မြင့်မားရသည့် အကြောင်းရင်းအားဖော်ပြ၍ ၎င်းတင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါပြန်လည်ခေါ်ယူခြင်း ဆောင်ရွက်နိုင်သည်၊

တားမြစ်ချက်များ

၄၅။ တင်ဒါတင်သွင်းသူများ၊ ဝယ်ယူသူများနှင့် ပစ္စည်းများ၊ အကြံပေးဝန်ဆောင်မှုရယူခြင်း၊ အကြံပေး မဟုတ်သော ဝန်ဆောင်မှုရယူခြင်း စသည့် ဝယ်ယူခြင်းနှင့် နိုင်ငံပိုင်ပစ္စည်းများ ငှားရမ်းရောင်းချခြင်းတွင် ပါဝင်ပတ်သက်သူများအားလုံးသည် ယင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျင့်ဝတ်နှင့်သိက္ခာကို စောင့်ထိန်းရမည်ဖြစ်ပြီး လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း၊ အဂတိလိုက်စားခြင်းတို့ကို ရှောင်ကြဉ်ရမည်။ လာဘ်ပေး လာဘ်ယူပြုလုပ်ခြင်း၊ အဂတိလိုက်စားခြင်းတို့တွင် ပါဝင်ပတ်သက်သည့် ဖြစ်ရပ်များပေါ်ပေါက်ပါက အောက်ပါအတိုင်း အရေးယူဆောင်ရွက်ရမည်-

(က) စာချုပ်နှင့် တင်ဒါကို ပယ်ဖျက်ခြင်း၊

(ခ) ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်းမှ ဝန်ထမ်းများအား တည်ဆဲစည်းမျဉ်းစည်းကမ်းများ နှင့်အညီ ဌာနဆိုင်ရာအရေးယူခြင်းနှင့် အပြစ်ပေးခြင်း၊

(ဂ) တင်ဒါတင်သွင်းသူများ၊ ပစ္စည်းပေးသွင်းသူများ သို့မဟုတ် ဝယ်ယူသူများအား တင်ဒါ ယှဉ်ပြိုင်ခွင့် ကန့်သတ်ခြင်း၊

တိုင်ကြားမှုကို ဖြေရှင်းခြင်း

၄၆။ တင်ဒါရွေးချယ်သည့် လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ တင်ဒါတင်သွင်းသူမှ ခိုင်လုံသည့် အကြောင်းပြချက် အထောက်အထားများဖြင့် စာဖြင့်ရေးသားတိုင်ကြားမှုပေါ်ပေါက်ပါက "တင်ဒါကော်မတီ" မှ စုံစမ်း စစ်ဆေးမှု ဆောင်ရွက်ရမည်။ "တင်ဒါကော်မတီ" ၏ ဆုံးဖြတ်ချက်အား ကျေနပ်မှုမရှိပါက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ရယူ၍ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် အနည်းဆုံး ၃ ဦးပါဝင်သည့် "တိုင်ကြားမှုဖြေရှင်းရေးအဖွဲ့" ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

၄၇။ "တိုင်ကြားမှုဖြေရှင်းရေးအဖွဲ့" သည် အောက်ဖော်ပြပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ဝယ်ယူရေးနှင့်စပ်လျဉ်းသည့် တိုင်ကြားမှုများကို လက်ခံခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် စိစစ်သုံးသပ်ခြင်း၊

(ခ) တိုင်ကြားသည့် တင်ဒါတင်သွင်းသူများအား ခေါ်ယူ၍ ဆွေးနွေးခြင်း၊

(ဂ) တိုင်ကြားမှုများအပေါ် ဆုံးဖြတ်ခြင်း၊

(ဃ) တိုင်ကြားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

အထွေထွေ

၄၈။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ အနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတင်ဒါများ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်-

(က) လက်ရှိလုပ်ငန်းလည်ပတ်လျက်ရှိသည့် စက်နှင့် စက်ပစ္စည်းကိရိယာတန်ဆာပလာများ အတွက် အစားထိုးလဲလှယ်ရန် လိုအပ်သည့် စက်အရန်ပစ္စည်းများသည် မူလပစ္စည်း တင်သွင်းသူထံမှ ရရှိနိုင်မည့် ပစ္စည်းများဖြစ်ပါက မူလပစ္စည်းတင်သွင်းသူ သို့မဟုတ် မူလပစ္စည်းထုတ်လုပ်သူထံမှ တိုက်ရိုက်ဝယ်ယူနိုင်သည်၊

(ခ) ဝယ်ယူသည့်တန်ဖိုးသည် ကျပ် သိန်း ၁၀၀၀ ထက် များသည့် တင်ဒါခေါ်ယူခြင်းများ အတွက် တင်ဒါဖွင့်လှစ်မှုများကို ဓါတ်ပုံ၊ ဗွီဒီယိုတို့ဖြင့် မှတ်တမ်းတင်ထားရှိရမည်၊

(ဂ) နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေးနှင့် အီလက်ထရောနစ်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အတွက် တင်ဒါတင်သွင်းသူ ကန့်သတ်၍ တင်ဒါခေါ်ယူခြင်းနှင့် တိုက်ရိုက်စာချုပ်ချုပ်ဆို၍ ဝယ်ယူခြင်းများအား ကာကွယ်ရေးဝန်ကြီးဌာန၏မူဝါဒနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ သီးခြားဆောင်ရွက်နိုင်ပြီး ကျန်ပစ္စည်းဝယ်ယူရေး ကိစ္စရပ်များကို ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်၊

(ဃ) လုပ်ငန်းသဘောသဘာဝအရ ရင်းနှီးမြှုပ်နှံမှုအတွက် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများ (Public Private Partnership-PPP) (ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ကွက်များ၊ လျှပ်စစ်ဓါတ်အားပေးစက်ရုံများတည်ဆောက်ခြင်း၊ လျှပ်စစ်ဓါတ်အားပေး စက်ရုံများငှားရမ်းခြင်း၊ ဆက်သွယ်ရေးလုပ်ငန်းလိုင်စင် ခွင့်ပြုခြင်း၊ သတ္တုတူးဖော်ခြင်း လုပ်ငန်းများအတွက်) သီးခြားတင်ဒါလုပ်ထုံးလုပ်နည်းရေးဆွဲ၍ ပြည်ထောင်စုအစိုးရ အဖွဲ့၏ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ရမည်၊

(င) လုပ်ငန်းလိုအပ်ချက်အရ မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းနှင့်ကိုက်ညီမှုရှိသည့် နိုင်ငံတော်ပိုင်စက်ရုံအလုပ်ရုံမှ ထုတ်လုပ်သည့်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဝန်ကြီးဌာနအချင်းချင်း တိုက်ရိုက် ညှိနှိုင်းစာချုပ် ချုပ်ဆို၍ ဝယ်ယူနိုင်သည်၊

(စ) မြန်မာ့ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ် (Competitive Bidding System) ဖြင့် ရောင်းချရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကျောက်မျက်ရတနာပြပွဲတွင် လိုက်နာဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်များနှင့် အညီဆောင်ရွက်ရမည်၊

(ဆ) နိုင်ငံတကာအဖွဲ့အစည်းများ သို့မဟုတ် မိတ်ဖက်အဖွဲ့အစည်းများ၏ ချေးငွေ၊ ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်သည့် ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ အကြံပေးငှားရမ်းခြင်းများအတွက် ချေးငွေထောက်ပံ့ငွေပေးအပ်သည့် အဖွဲ့အစည်းများမှ သတ်မှတ်ထားသော ဝယ်ယူရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းအဖွဲ့အစည်းများမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများမရှိပါက ဤညွှန်ကြားချက်ကို လိုက်နာရမည်၊

(ဇ) တင်ဒါလုပ်ငန်းဆောင်ရွက်နေစဉ် မလွန်ဆန်နိုင်သည့်ဖြစ်ရပ်များ (Force majeure) (ဥပမာ၊ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်း၊ မငြိမ်မသက်ဖြစ်ခြင်း၊ ဒါဏ်ခတ်မှောက်ခြင်း၊ လုပ်ငန်းသပိတ်မှောက်ခြင်း၊ အဓိကရုဏ်းဖြစ်ခြင်းစသည်ဖြင့်) ပေါ်ပေါက်သောကြောင့် စာချုပ်ပြင်ဆင်လိုပါက ခိုင်လုံသောအကြောင်းပြချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက် ရယူ၍ စာချုပ်ပြင်ဆင်ရမည်၊

(ဈ) စာချုပ်ချုပ်ဆိုပြီးနောက် သတ်မှတ်ကာလအတွင်း တင်ဒါအောင်မြင်သူမှ ပစ္စည်းပေးသွင်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ပေးခြင်းမပြုပါက ရက်ပေါင်း ၁၂၀ အတွင်း စာချုပ်ကို ဖျက်သိမ်းရေးဆောင်ရွက်နိုင်ပြီး တင်ဒါအောင်မြင်သူက အစိုးရဌာန၊ အဖွဲ့အစည်းများက ပေးချေထားသည့် ငွေများအားလုံးကို အပြည့်အဝပြန်လည် ပေးသွင်းပြီးမှသာ စာချုပ်ကို ဖျက်သိမ်းရမည်၊

(ည) စာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တစ်စုံတစ်ခုသော အကြောင်းအချက်အရ နှစ်ဖက်အငြင်းပွားမှုဖြစ်ပွားလျှင် တရားရုံး၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၄၉။ နိုင်ငံတော်သမ္မတရုံး၏ ၅ - ၄ - ၂၀၁၃ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁ / ၂၀၁၃) ဖြစ်သည့် "ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းချက်များ" ကို ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၅၀။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတင်ဒါများကို ဤလုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်။

ဝင်းကျော်အောင်
ဒေစွာညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်သမ္မတရုံး

စာအမှတ်၊ ၁၅၈ (၁) / ၈ / သမ္မတရုံး
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး ( ရုံး၊ ဌာနကြီးများအားလုံး ) PS သစ်... -MDs, D... နှင့်လိုက်နာဆောင်ရွက်ရန်။
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ညွှန်ကြားရေးမှူးချုပ်, ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန — မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁) တွင် ထည့်သွင်းကြေညာပေးပါရန်။